# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၈) ရက် ၊ တနင်္ဂနွေနေ့ ၊ (8-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရာဂိမုန်တိုင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ် မေလတွင် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရာဂိမုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးကို ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်းအရှိန်နှင့် ဆက်စပ်ရေကြီးမှုများကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုတွင် ပျက်စီးဆုံးရှုံးမှုများကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ရုံးအဆောက်အအုံပျက်စီးမှုများအပါအဝင် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၄၄ ဘီလီယံကျော်၊ လူနေအိမ်ပျက်စီးမှု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံပျက်စီးမှု၊ လယ်ယာမြေစိုက်ပျိုးထားရှိမှုနှင့် လယ်ယာသုံးပစ္စည်းများပျက်စီးမှု၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်းများအပါအဝင် လူမှုရေးကဏ္ဍဆုံးရှုံးမှုငွေကျပ်၂၂၁ ဘီလီယံကျော်၊

စာမျက်နှာ ၁၉ ကော်လံ ၁

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ် ၁၀၆-၇၂ မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် ၇၀-၆၇ မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁

**သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်** စာမျက်နှာ- ၁၇

**နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး** စာမျက်နှာ- ၂၂




# လုပ်ငန်းတစ်ခုအတွက် အရေးကြီးသောအချက်များ

**မျိုးသူ(ကုန်သွယ်မြှင့်)**

စီးပွားရေးလုပ်ငန်းတစ်ခု ရေရှည်တည်တံ့ခိုင်မြဲအောင်လုပ်ဆောင်ကြရာတွင် အရေးကြီးသောအချက်များ အများအပြားပါဝင်နေတတ်သည်။ လုပ်ငန်းငယ်များအတွက် ရှင်သန်ရပ်တည်ရေးသည် ပိုမိုခက်ခဲတတ်ပြီး လိုအပ်သောအချက်များမှာ များသောအားဖြင့် ငွေကြေးအရင်းအနှီး၊ အချိန်နှင့် လုပ်အားတို့ဖြစ်သည်။ စက်မှုလက်မှုလုပ်ငန်းငယ်များအားလုံးအတွက် ငွေကြေးအရင်းအနှီးသည် အဓိကဟု ယူဆကြသည်။ အနည်းငယ်သောအရင်းအနှီးထက် ကြီးမားသော ငွေကြေးအရင်းအနှီးက ပိုကောင်းသည်ဟု ယူဆတတ်သည်။ သို့သော်လည်း ငွေကြေးအရင်းအနှီးတစ်ခုကို ရင်းနှီးမြှုပ်နှံပြီးသည်နှင့် မပြီးသေးဘဲ ထိုလုပ်ငန်းကို ရေရှည်တည်တံ့ပြီး အကျိုးအမြတ်ရှိနေစေရန်လည်း လုပ်ဆောင်နိုင်ရန်လိုအပ်သည်။

ထို့ကြောင့် လုပ်ငန်းများအတွက် အရေးကြီးသောအရာမှာ ငွေကြေးအရင်းအနှီးတစ်ခုတည်းမဟုတ်ဘဲ အခြားသောအချက်များလည်း အများအပြားလိုအပ်နေသည်ဟု ဆိုနိုင်သည်။ ငွေကြေးအရင်းအနှီးအပြင် နည်းပညာ၊ လူသားအရင်းအမြစ်နှင့် ဈေးကွက်တို့သည်လည်း အရေးကြီးသောအချက်များဖြစ်သည်။ ထိုအချက်များသည် မူလအရင်းအမြစ်များဟုလည်း ဆိုနိုင်သည်။ လူသားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်တို့သည် လုပ်ငန်းတိုင်းအတွက် မရှိမဖြစ်ပါဝင်နေသည်။ ထို့ပြင် ဈေးကွက်နှင့် နည်းပညာသည်လည်း ယခုခေတ်တွင် မပါမပြီး အခြေခံလိုအပ်ချက်များဖြစ်သည်။ ထပ်မံ၍ အနည်းငယ်အသေးစိတ်ကြည့်မည်ဆိုပါက အရေးအကြီးဆုံးဟု သတ်မှတ်နိုင်သောအချက်များကို အောက်ပါအတိုင်းရွေးချယ်နိုင်သည်။

- ဖောက်သည်ကို အာရုံစိုက်ခြင်း၊
- ကြံ့ခိုင်သော ခေါင်းဆောင်မှု၊
- ငွေကြေးစီမံခန့်ခွဲခြင်း၊
- မွေးစားမှုကို ဖန်တီးနိုင်စွမ်းရှိခြင်း၊
- တီထွင်ဆန်းသစ်ခြင်း၊
- ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊
- ရှင်းလင်းပြတ်သားသော မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊
- စွန့်စားမှုကို စီမံခန့်ခွဲခြင်း၊
- စာရိတ္တဆိုင်ရာအစီအမံများ၊
- ခိုင်ခံ့သော ဈေးကွက်ဖော်ဆောင်ခြင်းနှင့် ရောင်းချခြင်း၊

**ဖောက်သည်ကို အာရုံစိုက်ခြင်း**

ဖောက်သည်ကိုအာရုံစိုက်ခြင်းဟုဆိုပါက မည်သို့အာရုံစိုက်မည်နည်း၊ မည်မျှအာရုံစိုက်မည်နည်းဟု မေးဖွယ်ရာရှိသည်။ ဖောက်သည်ကို အာရုံစိုက်ခြင်းအား အပြည့်အဝအာရုံစိုက်ရမည်ဟု ဆိုချင်သည်။ ဖောက်သည်များမရှိလျှင် သို့မဟုတ် ဝယ်သူမရှိလျှင် လုပ်ငန်းမှန်သမျှ ရပ်သွားမည်သာဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းမှအမြတ်ရလိုလျှင်၊ လုပ်ငန်းအောင်မြင်လိုလျှင် ဖောက်သည်ကို အပြည့်အဝအာရုံစိုက်ထားရန်လိုအပ်သည်။ ဖောက်သည်အမြဲမှန်သည်ဟု သတ်မှတ်ခြင်းသည် မမှားဟုဆိုနိုင်သည်။ ဖောက်သည်ကို နားလည်ခြင်းနှင့် လိုအပ်ချက်ကို ထိထိမိမိဆောင်ရွက်ပေးနိုင်ခြင်းသည် အဓိကဖြစ်သည်ဟု ဆိုနိုင်သည်။ ဖောက်သည်ကို အာရုံအပြည့်စိုက်ဆောင်ရွက်ပေးခြင်းတွင် အရည်အသွေးကောင်းပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊ ဖောက်သည်ကို အကောင်းဆုံးဝန်ဆောင်မှုပေးခြင်းများသည် အဓိကအဖြစ် ပါဝင်သည်။

**ကြံ့ခိုင်သောခေါင်းဆောင်မှု**

ထိရောက်သောခေါင်းဆောင်မှုသည် လုပ်ငန်းတိုင်းအတွက် မရှိမဖြစ်အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်မှုဆီသို့ အရောက်လှမ်းနိုင်ရေးအတွက် ခေါင်းဆောင်မှု၏ လမ်းပြမှုက အရေးကြီးသည်။ ခေါင်းဆောင်သည် လုပ်ငန်း၏မျှော်မှန်းချက်ကို ဖန်တီးသူနှင့် ရောက်အောင်လမ်းပြသူဖြစ်သည်။ ထို့ပြင် လုပ်ငန်း၏ အသက်နှင့် ဆုံးဖြတ်ချက်တိုင်းကို ချမှတ်ရမည့်သူဖြစ်သည်။ လုပ်ငန်းများအတွက် နေ့စဉ်ဆုံးဖြတ်ရမည့်အချက်များသည် ကြုံတွေ့နေမည်သာဖြစ်သည်။ ထိုအချက်များအားလုံးကို မမှားမယွင်း မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ရမည့်သူသည် ခေါင်းဆောင်သာဖြစ်သည်။ လုပ်ငန်းကြီးလျှင် ခေါင်းဆောင်သူများပြားပြီး အစုအဖွဲ့ပုံစံဖြစ်လာနိုင်သော်လည်း လုပ်ငန်းငယ်များတွင် တစ်ဦးတစ်ယောက်ကသာ ဆုံးဖြတ်ချက်ချရသူဖြစ်တတ်သဖြင့် ပိုမိုအရေးကြီးသည်ကို တွေ့နိုင်သည်။

**ငွေကြေးစီမံခန့်ခွဲခြင်း**

ကောင်းမွန်မှန်ကန်သော ငွေကြေးစီမံခန့်ခွဲမှုရှိရေးသည် လုပ်ငန်းတစ်ခု၏ အသက်လည်းဖြစ်သည်။ ငွေကြေးနှင့် ငွေကြေးကိုစီမံခန့်ခွဲခြင်းသည် လုပ်ငန်းရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခု ရှင်သန်ရပ်တည်ရေးသည် ငွေကြေးစီမံခန့်ခွဲခြင်းလုပ်ငန်း မှန်ကန်ကောင်းမွန်ရန်လိုအပ်သည်။ လုပ်ငန်းရေရှည်ရပ်တည်ရေးအတွက်လည်း မရှိမဖြစ်လိုအပ်သည်။ ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ ငွေကြေးကို ကြိုတင်ခန့်မှန်းတွက်ချက်ခြင်း၊ လုပ်ငန်းကြိုတင်စီမံခြင်းနှင့် ငွေကြေးလည်ပတ်မှုကို စီမံခန့်ခွဲခြင်းများသည် အရေးကြီးသောလုပ်ငန်းများဖြစ်သည်။ လုပ်ငန်းမည်မျှငယ်စေကာမူ အဆိုပါအချက်များကို ထည့်သွင်းစဉ်းစားထားရန် လိုအပ်သည်။

**မွေးစားမှုကို ဖန်တီးနိုင်စွမ်းရှိခြင်း**

မွေးစားမှုကိုဖန်တီးနိုင်စွမ်းရှိခြင်းဟု ဆိုသည်မှာ လုပ်ငန်းတစ်ခုကိုတည်ဆောက်ရာတွင် အစဉ်သဖြင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာစသည်တို့သည် ပြောင်းလဲမှုများရှိနေမည်ဖြစ်သည်။ ထိုအခါမျိုးကို ကြုံတွေ့ရသည့်အခါ မိမိလုပ်ငန်း၏မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို အသေချမှတ်ထားလျှင် လုပ်ငန်းအောင်မြင်ရေးအတွက် အခက်ကြုံရမည်ဖြစ်သည်။ ထို့ကြောင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရေးသည်လည်း လုပ်ငန်းများအောင်မြင်ရေးအတွက် အရေးပါသောအချက်တစ်ချက်ဖြစ်သည်။ ယခုခေတ်တွင်နည်းပညာများသည် လျှင်မြန်စွာပြောင်းလဲနေပြီး ခေတ်နှင့်အညီလိုက်ပါပြောင်းလဲနိုင်မှသာ ရေရှည်တည်တံ့ရေးအတွက် အဆင်ပြေမည်ဖြစ်သည်။ တယ်လီဖုန်းနှင့် ကွန်ပျူတာပစ္စည်းများလောကတွင် Trade in ဟူသောစကားလုံးသည် ခေတ်စားလာနေသည်ကို တွေ့နိုင်သည်။ အဆိုပါစကားရပ်မှာ လက်ဝယ်ရှိ သက်တမ်းမများသေးသည့် ဖုန်းအကောင်းတစ်လုံးကို လက်ရှိပေါ်လာသည့် ဖုန်းအသစ်၊ မော်ဒယ်အသစ်နှင့်အလိုက်ပေးလဲလှယ်ခြင်းတွင်သုံးသည့် စကားဖြစ်သည်။ လက်ရှိသုံးနေသည့် ကွန်ပျူတာ၊ ဖုန်းတို့သည် အသစ်နီးပါးကောင်းနေသည့်တိုင်အောင် နည်းပညာပိုင်းတွင် လက်ရှိထွက်လာသည့် နောက်ဆုံးပေါ်ဖုန်း၊ ကွန်ပျူတာတို့က ပိုမို၍နည်းပညာပိုင်းအသစ်အဆန်းများ၊ ပိုကောင်းသည့်နည်းပညာများကို ထည့်သွင်းသဖြင့် အလိုက်ပေးလဲလှယ်သုံးစွဲကြခြင်းဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် မွေးစားမှုကိုဖန်တီးနိုင်စွမ်းတစ်နည်းအားဖြင့် ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းသည်လည်း လုပ်ငန်းအောင်မြင်ရေးတွင် အရေးကြီးသောအချက်ဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

**တီထွင်ဆန်းသစ်ခြင်း**

တီထွင်ဆန်းသစ်ခြင်းကပင် ကမ္ဘာကြီးကို ဖန်တီးနေသည်ဟုဆိုနိုင်သကဲ့သို့ စီးပွားရေးလုပ်ငန်းတိုင်းသည်လည်း နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများနောက်သို့လိုက်နိုင်ရန် လိုအပ်နေသည်။ လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို ဖောက်သည်က အမြဲလိုချင်နေစေရန်အတွက် တီထွင်ဆန်းသစ်ခြင်းသည် အရေးကြီးသည်။ ဝန်ဆောင်မှုဖြစ်စေ၊ ကုန်ပစ္စည်းဖြစ်စေ တီထွင်ဆန်းသစ်နေမှသာ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ ပြိုင်ဆိုင်ပြီးရပ်တည်နိုင်ရန် ကြိုးစားနေရသော စီးပွားရေးလောကတွင် တီထွင်ဆန်းသစ်မှုဖြင့် ရေရှည်တည်တံ့ရေးကို ယှဉ်ပြိုင်နိုင်ရန် လိုအပ်သည်။

**ပူးပေါင်းဆောင်ရွက်နိုင်ခြင်း**

ယှဉ်ပြိုင်ပြီး လုပ်ငန်းရပ်တည်ရေးအတွက် ကြိုးစားရသောခေတ်တွင် လုပ်ငန်းငယ်များသည်လည်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်သည်။ အခြားလုပ်ငန်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးအားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ကိုင်နိုင်သည့်အပြင် မိမိလုပ်ငန်းအတွင်းရှိ ဝန်ထမ်းများ၊ လုပ်သားများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖောက်သည်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့်လည်း အောင်မြင်မှုများရရှိနိုင်သည်။ လုပ်သားများ၊ ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သော လုပ်ငန်းများ၏ အောင်မြင်မှုများကိုလည်း ထင်ထင်ရှားရှားတွေ့နိုင်သည်။ တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် လုပ်ကိုင်ရခက်ခဲသည့်အလုပ်များသည် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရနိုင်သည်သာဖြစ်သည်။

**ရှင်းလင်းပြတ်သားသော မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ**

ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန် လိုအပ်သည်ဆိုသော်လည်း ကိစ္စတိုင်းကိုမကြာခဏပြောင်းလဲနေပါကလည်း တိုးတက်အောင်မြင်မှုကို နှေးကွေးစေတတ်သည်။ ထို့ပြင် မိမိလုပ်ငန်း၏ ရေရှည်မျှော်မှန်းချက်နှင့် ရည်မှန်းချက်များကိုမူ မကြာခဏပြောင်းလဲနေခြင်းမပြုရန် လိုအပ်သည်။ ထို့ပြင် မျှော်မှန်းချက်နှင့် ရည်မှန်းချက်များသည် လုပ်ငန်းတွင်ပါဝင်သူများအားလုံး ရှင်းရှင်းလင်းလင်းသိရှိနိုင်သည့် ပြတ်သားသောအချက်များဖြစ်ရန် လိုအပ်သည်။ သို့မှသာ အကောင်အထည်ဖော်ရာတွင် ဦးတည်ချက်မပျောက်မည်ဖြစ်သည်။ ခိုင်မာသော မျှော်မှန်းချက်နှင့် ရည်မှန်းချက်များချမှတ်ပြီး လမ်းမပျောက်အောင် အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။

**စွန့်စားမှုကို စီမံခန့်ခွဲခြင်း**

စွန့်စားရမှုများကို လုပ်ငန်းတိုင်းရင်ဆိုင်ရသည်သာဖြစ်သည်။ အသေးဆုံးဖြစ်သော လုပ်သားများကျွမ်းကျင်မှုနည်းခြင်းမှစ၍ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းထိ အားလုံးသည် စွန့်စားရခြင်းများပင်ဖြစ်သည်။ ထိုသို့ စွန့်စားရမှုများနှင့်ကြုံတွေ့ရသည့်အခါတွင်လည်းကောင်း၊ အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ရသည့်အခါတွင်လည်းကောင်း မည်သို့လုပ်ကိုင်ရမည်ကို ကြိုတင်တွေးဆခန့်မှန်းပြီး စွန့်စားရမှုများကို မည်သို့စီမံခန့်ခွဲမည်ကို တစ်ခုချင်းကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ ထိုသို့ကြိုတင်ပြင်ဆင်ထားမှသာ လုပ်ငန်းမှ ငွေကြေးအရင်းအနှီးများဆုံးရှုံးခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။ ငွေကြေးအများအပြားဆုံးရှုံးရမည်ဆိုပါက လုပ်ငန်း၏မျှော်မှန်းချက်ကို ရောက်ရန်ပိုမိုကြာမြင့်သွားမည်ဖြစ်သည်။ စွန့်စားမှုများကို ကြိုတင်ပြင်ဆင်ခြင်းဖြင့် ကျော်လွှားရမည်ဆိုသော်လည်း အဆိုပါအချက်တွင် လောင်းကစားဆန်ဆန်ပြုလုပ်ခြင်းများကို မဆိုလိုပါ။ ဘဏ်များအတွက် ငွေချေးလုပ်ငန်းသည် စွန့်စားရမှုကြီးမားသောလုပ်ငန်းဖြစ်သော်လည်း ခိုင်မာသောအပေါင်ပစ္စည်းရယူခြင်းဖြင့် စွန့်စားမှုကိုစီမံခန့်ခွဲကြသည်ကို တွေ့နိုင်သည်။ ထို့ပြင် လုပ်ငန်းများတွင်သုံးသော မော်တော်ကားများကို အာမခံထားခြင်းသည်လည်း စွန့်စားမှုကို စီမံခန့်ခွဲခြင်းပင်ဖြစ်သည်။

**စာရိတ္တဆိုင်ရာအစီအမံများ**

လုပ်ငန်းများအတွက် နာမည်ဂုဏ်သတင်းသည် များစွာအရေးကြီးသည်။ နာမည်ဂုဏ်သတင်းကျဆင်းလျှင် လုပ်ငန်းအကျိုးအမြတ်ကို ထိခိုက်သည့်အပြင် မျှော်မှန်းချက်ကိုလည်း ကြီးစွာထိခိုက်တတ်သည်။ ထို့ကြောင့် နာမည်ဂုဏ်သတင်းမပျက်ရေး၊ ကတိတည်ကြည်ရေး၊ ရောင်းချသောကုန်ပစ္စည်း သို့မဟုတ် ပေးအပ်သောဝန်ဆောင်မှုသည် အရည်အသွေးအကောင်းဆုံးဖြစ်ရန်လိုအပ်သည်။ အရည်အသွေးမှန်ကန်ရန်၊ ဈေးနှုန်းမှန်ကန်ရန်၊ အလေးချိန်မှန်ကန်ရန်၊ အရောင်းအဝယ်ကို မလိမ်မညာဘဲမှန်ကန်ရမည်ဖြစ်သည်။ ထိုအချက်များသည် လုပ်ငန်း၏စာရိတ္တဆိုင်ရာအချက်များဖြစ်ပြီး အဆိုပါကိစ္စများတွင် နာမည်ပျက်ပါက ဂုဏ်သတင်းနှင့်လုပ်ငန်းကို ထိခိုက်မည်ဖြစ်သဖြင့် စာရိတ္တဆိုင်ရာစီမံခန့်ခွဲခြင်းနည်းလမ်းများကိုလည်း ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။

❖လုပ်ငန်းများအတွက် အရေးကြီးသောအရာမှာ ငွေကြေးအရင်းအနှီးတစ်ခုတည်းမဟုတ်ဘဲ အခြားသောအချက်များလည်း အများအပြားလိုအပ်နေသည်ဟု ဆိုနိုင်သည်။ ငွေကြေးအရင်းအနှီးအပြင် နည်းပညာ၊ လူသားအရင်းအမြစ်နှင့် ဈေးကွက်တို့သည်လည်း အရေးကြီးသောအချက်များဖြစ်သည်။ ထိုအချက်များသည် မူလအရင်းအမြစ်များဟုလည်း ဆိုနိုင်သည်။ လူသားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်တို့သည် လုပ်ငန်းတိုင်းအတွက် မရှိမဖြစ်ပါဝင်နေသည်။ ထို့ပြင် ဈေးကွက်နှင့် နည်းပညာသည်လည်း ယခုခေတ်တွင် မပါမပြီး အခြေခံလိုအပ်ချက်များဖြစ်သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၂၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ကလေးဝ ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၂၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၈၄၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၂၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၂ ဒသမ ၄၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ စပါးဧက ၁၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် စိုက်ပျိုးထားသောစပါးခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တမန်နှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ထံမှ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

မတော်တဆမှားယွင်းမှုများ ကြုံတွေ့ရသည့်တိုင်အောင် မှန်ကန်စွာ ရှင်းလင်းခြင်း၊ ဝန်ခံခြင်း၊ တောင်းပန်ခြင်း စသည်တို့ကိုဆောင်ရွက်နိုင်ရန် စီမံထားရမည်ဖြစ်သည်။

**ခိုင်ခံ့သောဈေးကွက်ဖော်ဆောင်ခြင်းနှင့် ရောင်းချခြင်း**

ပထမဆုံးဖော်ပြခဲ့သည့်လုပ်ငန်းတစ်ခုအတွက် ငွေကြေးအရင်းအနှီး၊ လူသားအရင်းအမြစ်၊ နည်းပညာနှင့်ဈေးကွက်တို့သည် အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်သည်ကို ထပ်မံတင်ပြလိုသည်။ ဈေးကွက်ဖော်ဆောင်ရေးသည် အစဉ်အမြဲလိုအပ်သည့်အပြင် ခိုင်မာသောဈေးကွက်ဖော်ဆောင်သည့်နည်းလမ်းများကိုလည်း ချမှတ်ထားရန်လိုအပ်သည်။ လုပ်ကိုင်မည့်ဈေးကွက်နှင့် လိုက်လျောညီထွေရှိသည့် ဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းများကိုလည်း ဖော်ဆောင်ပေးထားနိုင်ရန် လိုအပ်သည်။ ထို့အတူ ရောင်းချသည့်နည်းလမ်းများကိုလည်း ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန် လိုအပ်သည်။

အခြားသောလိုအပ်ချက်များ အများအပြားရှိသည့်အနက် အရေးတကြီးလုပ်ကိုင်သင့်သောအချက်များကို ဦးစွာတင်ပြခဲ့ခြင်းဖြစ်သည်။ ထိုအချက်များနှင့်နီးနွယ်ဆက်စပ်သောဖောက်သည်များအတွက် တန်ဖိုးရှိသောအစီအမံများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကောင်းမွန်ခိုင်ခံ့သောဆက်ဆံရေးများထူထောင်ခြင်း၊ အကျိုးအမြတ်ကောင်းအောင် မှန်ကန်စွာစီမံခန့်ခွဲခြင်း၊ လုပ်ငန်းကြီးထွားရေးအတွက် ဆောင်ရွက်ခြင်း၊ အချိန်အခါကို မှန်ကန်စွာရွေးချယ်ဆောင်ရွက်နိုင်ခြင်း၊ တန်ဖိုးရှိသောဖန်တီးမှုများကို လုပ်ကိုင်နိုင်အောင်ကြိုးစားခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ မှန်ကန်ထိရောက်စွာရောင်းချခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်းနှင့် ငွေကြေးအရင်းအနှီး စီမံခန့်ခွဲခြင်းများကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– AI အဖြေများနှင့် AI over view

## နိုင်ငံအတွက် ဂုဏ်မြင့်မားတဲ့ အားကစား

– အားကစားမှာ အောင်မြင်မှု
ပြည်ထောင်စု ဂုဏ်သိက္ခာ၊
နိုင်ငံကိုချစ်သည့်စိတ်
ဦးထိပ်တင်ကာ၊
ဖွဲလုံ့လနှင့် အားမာန်သာ
ကိုယ်စီမှာ စိတ်ခွန်အား၊
လေ့ကျင့်ကာ ကျွမ်းကျင်မှုနဲ့
ဆုရည်မှန်းထား။

– တို့မြန်မာ အားကစား
နိုးကြွားတဲ့ သည်ချိန်ခါ၊
တက်ကြွစွာ အားပေးမှု
အထူးပြုနေတာ၊
စိတ်ဓာတ်နဲ့ ပညာ
တွေးဆကာ လှုပ်ရှားမှု၊
အောင်စိတ်ကို ရင်မှာမွေးလို့
တွေးဆရွှေဆု။

– ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲ
ဆင်နွှဲလို့ ထည်ထည်ဝါ၊
နိုင်ငံ့ဂုဏ်ဆောင် ထွန်းထွန်းတောက်
ဝမ်းမြောက်ဖွယ်ရာ၊
အားနှင့်မာန်နှင့် လျင်မြန်စွာ
စုပေါင်းကာ ဆောင်ရွက်လို့၊
အားကစားမှာ ရွှေတစ်ခေတ်
ထွန်းသစ်စေဖို့။

– မြန်မာတွေ ရွှေတစ်ခေတ်
ဖွင့်လှစ်စို့ သည်ပွဲတွင်၊
ပြည့်ဂုဏ်ဆောင် အားကစား
ထင်ရှားပေါ်လွင်၊
မျိုးဆက်သစ်တို့ သိစေချင်
ကြိုးစားလျှင် အောင်မြင်ရေး၊
အားကစားယှဉ်ပြိုင်ပွဲမှာ
နွှဲကြစို့လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# နိုင်ငံတကာ သတင်းများ

## နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ အဆောက်အအုံတစ်လုံး ပေါက်ကွဲမီးလောင်

သည်ဟိဂ် ဒီဇင်ဘာ ၇

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ လူနေရပ်ကွက်တစ်ခုရှိ အဆောက်အအုံတစ်လုံး ယနေ့နံနက်ပိုင်းတွင် ပေါက်ကွဲမှုနှင့်မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လူနေအဆောက်အအုံ ပေါက်ကွဲမီးလောင်မှုကြောင့် အနည်းဆုံး လူပေါင်း လေးဦးဒဏ်ရာများရခဲ့ကြောင်း နယ်သာလန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုကြောင့် အထပ်သုံးထပ်ပါ အဆောက်အအုံတစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ရပြီး မီးလောင်မှု ဖြစ်ပွားခဲ့ရကြောင်း နယ်သာလန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် လူနေအဆောက်အအုံပေါက်ကွဲမီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

အဆောက်အအုံ ပေါက်ကွဲမီးလောင်မှုအတွင်း ဒဏ်ရာရသူများကို ဆေးရုံသို့တင်ပို့ပေးထားကြောင်း နယ်သာလန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆောက်အအုံ ပေါက်ကွဲမီးလောင်မှုဖြစ်စဉ်အတွက် မိမိအနေဖြင့် တုန်လှုပ်ခဲ့ရကြောင်း နယ်သာလန်ဝန်ကြီးချုပ် ဒစ်ရှော့ဖ်က ကြေညာချက် ထုတ်ပြန်ထားသည်။

Ref : Xinhua
Trs : KKO

## ဒိုမီနီကန်၌ ကိုကင်းမူးယစ်ဆေးဝါး မက်ထရစ်တန် ၉ ဒသမ ၅ တန် ဖမ်းဆီးရမိ

စန်တာဒိုမင်ဂို ဒီဇင်ဘာ ၇

ဒိုမီနီကန်သမ္မတနိုင်ငံတာဝန်ရှိသူများသည် ကိုကင်းမူးယစ်ဆေးဝါး မက်ထရစ်တန် ၉ ဒသမ ၅ တန်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါကိုကင်းမူးယစ်ဆေးဝါးများကို စန်တာဒိုမင်ဂိုဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ၄ကုမ္ပဏီ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ရှာဖွေ တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း ဒိုမီနီကန် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရိုက ဒီဇင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယင်းကိုကင်းမူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးမှာ အမေရိကန်ဒေါ်လာသန်း ၂၅၀ထိ ရှိနိုင်ကြောင်း ဒိုမီနီကန်တာဝန်ရှိသူများက မှန်းဆထားသည်။

အိတ်ပေါင်း ၃၂၀ဖြင့် ထည့်သွင်းထားသည့် ယင်းကိုကင်းမူးယစ်ဆေးဝါးများမှာ ပမာဏအားဖြင့် ၉၅၂၈ ကီလိုဂရမ် သို့မဟုတ် မက်ထရစ်တန် ၉ ဒသမ ၅ တန်ထိရှိရာ ဒိုမီနီကန် သမိုင်းတစ်လျှောက် အများဆုံး ဖမ်းဆီးရမိခဲ့သော ကိုကင်းမူးယစ်ဆေးဝါး ပမာဏဖြစ်သည်။


စုံစမ်းစစ်ဆေးမှု ရလဒ်များအရ ကိုကင်းများထည့်သွင်းထားသည့် ကုန်သေတ္တာသည် ဂွါတီမာလာနိုင်ငံမှ ကုန်သေတ္တာတင်သင်္ဘောဖြင့် ရောက်ရှိလာသည့် ကုန်သေတ္တာဖြစ်ကြောင်း သိရသည်။

ဒိုမီနီကန် တာဝန်ရှိသူများသည် ၂၀၀၆ခုနှစ်ကလည်း စန်တာဒိုမင်ဂိုဆိပ်ကမ်း၌ ကိုကင်းမူးယစ်ဆေးဝါး ၂၅၀၀ ကီလိုဂရမ်ဖမ်းဆီးနိုင်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## လာမည့်နှစ် ဒုတိယနှစ်ဝက်တွင် ဘီလာရုစ်နိုင်ငံ၌ အော်ရက်ရှ်နစ်ခ်ဒုံးကျည်စနစ်များ ရုရှားဖြန့်ကြက်နိုင်



မင့်စ် ဒီဇင်ဘာ ၇

လာမည့်နှစ် ဒုတိယနှစ်ဝက်ကာလအတွင်း ရုရှားနိုင်ငံအနေဖြင့် ဘီလာရုစ်နိုင်ငံ၌ အော်ရက်ရှ်နစ်ခ် အမျိုးအစား အသံထက်မြန်နှုန်း လွန်ဟိုက်ပါဆိုးနစ် တာလတ်ပစ်ဒုံးကျည်များကို နေရာချဖြန့်ကြက်နိုင်ကြောင်း ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနှင့် ဘီလာရုစ်တို့ကြား နှစ်နိုင်ငံ လုံခြုံရေးအာမခံချက်များဆိုင်ရာ သဘောတူစာချုပ်ကို ဘီလာရုစ်နိုင်ငံ မင့်စ်မြို့၌ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ရုရှားသမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှား- ဘီလာရုစ် နှစ်နိုင်ငံ လုံခြုံရေးအာမခံချက်များဆိုင်ရာ သဘောတူညီချက် သမ္မတပူတင်နှင့် ဘီလာရုစ်သမ္မတ လူကာရှန်ကိုတို့က ဒီဇင်ဘာ ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မိမိတို့အနေဖြင့် လုံခြုံရေးအာမခံချက်များဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် အော်ရက်ရှ်နစ်ခ်ကဲ့သို့ တာလတ်ပစ်ဒုံးကျည်စနစ်များကို ဘီလာရုစ်၌ လာမည့်နှစ်ဒုတိယနှစ်ဝက်ကာလအတွင်း နေရာချ ဖြန့်ကြက်နိုင်ဖွယ်ရှိကြောင်း ရုရှားသမ္မတပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အော်ရက်ရှ်နစ်ခ် ဟိုက်ပါဆိုးနစ်ဒုံးကျည်သစ်ကို ပြီးခဲ့သည့်နိုဝင်ဘာ ၂၁ ရက်က ယူကရိန်းနိုင်ငံ ဒီနီပရိုမြို့အား တိုက်ခိုက်ရာတွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံထုတ် တာဝေးပစ်လက်နက်များဖြင့် ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံအား တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားတပ်မတော်က အော်ရက်ရှ်နစ်ခ် ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းက ဥရောပခရီးစဉ်များကိုပြန်လည်ပြေးဆွဲမည်

အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၇

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစ၍ ဥရောပခရီးစဉ်များပြန်လည်ပျံသန်းပြေးဆွဲမည်ဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံတကာ လေကြောင်းလိုင်း (ပီအိုင်အေ)က ဒီဇင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဥရောပသမဂ္ဂ(အီးယူ)က ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်း၏ ဥရောပခရီးစဉ်များ ပျံသန်းပြေးဆွဲမှုပိတ်ပင်ချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် ဥရောပခရီးစဉ်များ ပြန်လည်စတင်ပျံသန်းရန် ပီအိုင်အေက စီစဉ်ထားခြင်း ဖြစ်သည်။



မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ပြင်သစ်နိုင်ငံပဲရစ်ခရီးစဉ်များဖြင့် စတင်၍ ဥရောပခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း ပီအိုင်အေက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာ လေကြောင်းပျံသန်းမှုစံနှုန်းများ လိုက်နာရာတွင် အားနည်းခဲ့သည့်အတွက် ဥရောပသမဂ္ဂသည် ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်း၏ ဥရောပခရီးစဉ်များကို ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် စတင်ပိတ်ပင်ခဲ့သည်။

သို့ရာတွင် ယင်းပိတ်ပင်ချက်ကို ဥရောပသမဂ္ဂက ပြန်လည်ရုပ်သိမ်းခဲ့ပြီဖြစ်ရာ မိမိတို့အနေဖြင့် ဇန်နဝါရီ ၁၀ ရက်တွင် ဘိုးအင်း ၇၇၇ လေယာဉ်တစ်စင်းဖြင့် ပဲရစ်ခရီးစဉ် စတင်ပျံသန်းမည်ဖြစ်ကြောင်း ပီအိုင်အေတာဝန်ရှိသူများက ပြောကြားထားသည်။

ဥရောပသမဂ္ဂ၏ ဥရောပခရီးစဉ်ပျံသန်းမှုပိတ်ပင်ချက်ကြောင့် ပီအိုင်အေ လေကြောင်းလိုင်းမှာ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၄ သန်း ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဆန္ဒပြပွဲအတွက် အင်အားစုစည်းထားရန်ထောက်ခံသူများကို ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းတိုက်တွန်း

အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၇

လာမည့်ရက်သတ္တပတ်အတွင်း ဆန္ဒပြပွဲတစ်ပွဲ ပြုလုပ်ကြရန် ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက ၎င်းအားထောက်ခံသူများကို ဒီဇင်ဘာ ၆ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက်တွင် ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပွတ်ခ်ရှိတွန်ခါပြည်နယ် ပက်ရှ်ဝါမြို့၌ အင်အားစုရုံးကြရန် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ၎င်းအား ထောက်ခံသူများကို တိုက်တွန်းထားသည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် လွှတ်တော်၏ အယုံအကြည်မရှိမှုကြောင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် ဖွဲ့ချက်အမျိုးမျိုးဖြင့် ထောင်ဒဏ် ချမှတ်ခံထားရသူဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့်ဆန္ဒပြပွဲများ၌ ၎င်းကိုထောက်ခံသူ ၁၃ ဦး သေဆုံးခဲ့ရမှုကို စုံစမ်းစစ်ဆေးပေးရန်လည်း ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းက ပါကစ္စတန်အစိုးရကို တောင်းဆိုထားကြောင်း သိရသည်။

အကယ်၍ ယင်းတောင်းဆိုချက်ကို မလိုက်လျောပါက ဒီဇင်ဘာ ၁၄ ရက်တွင် အာဏာဖီဆန်ရေးလှုပ်ရှားမှု စတင်မည်ဖြစ်ကြောင်း အီမရန်ခန်းက ဒီဇင်ဘာ ၆ ရက်တွင် သတိပေးထားသည်။

အသက်၇၂နှစ်အရွယ်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ၎င်းအပေါ် ချမှတ်ထားသည့် ထောင်ဒဏ်ကို စတင်ကျခံခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က ဒီဇင်ဘာ ၁၂ ရက်တွင် ကမ္ဘာမြေအပြန်ခရီး စတင်မည်



**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန် တင်ယာဉ်သည် ဒီဇင်ဘာ ၁၂ ရက် တွင် ကမ္ဘာမြေအပြန်ခရီး စတင် မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ် စတင်ရေးအတွက် ဒီဇင်ဘာ ၁၂ ရက်တွင် နိုင်ငံတကာ အာကာသ စခန်းမှ ခွာထွက်လာမည်ဖြစ် ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဒရာဂွန် အာကာသကုန်တင် ယာဉ်သည် မူလက ကမ္ဘာမြေအပြန် ခရီးစဉ်အတွက် ဒီဇင်ဘာ ၆ ရက် တွင် နိုင်ငံတကာအာကာသစခန်း မှ ခွာထွက်ရန်စီစဉ်ထားသည်။

သို့ရာတွင် ပြန်လည်ဆင်း သက်ရမည့် ဖလော်ရီဒါပြည်နယ် ကမ်းလွန်ရေပြင်ဒေသ၏ ခန့်မှန်းရ ခက်သော ရာသီဥတုအခြေအနေ ကြောင့် ဒီဇင်ဘာ ၁၂ ရက်မှသာ ကမ္ဘာမြေအပြန်ခရီးစတင်ရန် အစီ အစဉ်ပြောင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီသည် အဆိုပါ ဒရာဂွန်အာကာသကုန်တင်ယာဉ် ကို CRS-31 မစ်ရှင်ဖြင့် နိုဝင်ဘာ ၅ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင် ယာဉ်သည် နိုင်ငံတကာ အာကာသ စခန်းအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံစမ်းသပ်ပစ္စည်း စုစုပေါင်း ကီလိုဂရမ် ၂၇၀၀ ကို သယ်ဆောင် သွားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## စီးရက်စ်ဂြိုဟ်သိမ်အတွင်းပိုင်း၌ သက်ရှိများပေါ်ထွက်ရေးအတွက် လိုအပ်သည့်ဇီဝအခြေခံပစ္စည်းများ ပေါများစွာရှိနေနိုင်

**မက်ဒရစ် ဒီဇင်ဘာ ၇**

စီးရက်စ် ဂြိုဟ်သိမ်အတွင်း ပိုင်း၌ သက်ရှိများပေါ်ထွက်ရေး အတွက် လိုအပ်သည့် ဇီဝအခြေခံ ပစ္စည်းများ ပေါများစွာရှိနေ နိုင်ကြောင်း သိပ္ပံပညာရှင်များ က ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ DAWN အာကာသယာဉ်မှ ရရှိထား သော သတင်းအချက်အလက်များ အရစီးရက်စ်ဂြိုဟ်သိမ်မြေအောက် ၌ ရေခဲတက်နှင့်ဇီဝမော်လီကျူးများ ရှိနေနိုင်သည်ဟု စပိန်သိပ္ပံပညာ ရှင်များက ပြောကြားကြောင်း သိရသည်။

နာဆာ၏ DAWN အာကာသ ယာဉ်သည် ၂၀၁၇ ခုနှစ်တွင် စီးရက်စ်ဂြိုဟ်သိမ်ကို လေ့လာခဲ့ ရာ အဆိုပါဂြိုဟ်သိမ်၏ မြောက် ယာဉ်စွန်းတန်းဒေသရှိ ဥက္ကာချိုင့် ဝှမ်းနယ်မြေတစ်ခုအနီး ဇီဝမော် လီကျူးများ ထောက်လှမ်းတွေ့ရှိ ခဲ့ဖူးကြောင်း သိရသည်။




သို့ရာတွင် စပိန်သိပ္ပံပညာရှင် များသည် DAWN အာကာသယာဉ် မှ ရရှိသည့်အချက်အလက်များကို သုံး၍ စီးရက်စ်ဂြိုဟ်သိမ်၏ နယ်မြေ ၁၁ ခုကို လေ့လာခဲ့ရာ သက်ရှိတို့၏ ဇီဝအခြေခံပစ္စည်းများ မှာ အဆိုပါဂြိုဟ်သိမ်မြေအောက် ၌ ပေါများစွာ တည်ရှိနေနိုင်သည် ဟု ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း သိရသည်။

စီးရက်စ်ဂြိုဟ်သိမ်သည် အင်္ဂါ ဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်ကြား ပင်မဂြိုဟ်သိမ် ခါးပတ်ကွင်းနယ် မြေအတွင်းရှိဂြိုဟ်သိမ်များအနက် အရွယ်အစား အကြီးမားဆုံးဖြစ် ကြောင်း သိရသည်။

အချင်းအားဖြင့် မိုင်ပေါင်း ၅၇၈ မိုင်ရှိသော စီးရက်စ်ဂြိုဟ်သိမ် သည် နေအဖွဲ့အစည်းအတွင်း၌ ကမ္ဘာဂြိုဟ်ပြီးလျှင် ဒုတိယမြောက် အစိုစွတ်ဆုံး အာကာသနယ်မြေ ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## SXM 9 ဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် Space-X ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၇**

Sirius XM ဂြိုဟ်တုဆက်သွယ် ရေးကုမ္ပဏီ၏ SXM 9 ဂြိုဟ်တုကို Space-X အာကာသနည်းပညာ ကုမ္ပဏီက ဒီဇင်ဘာ ၅ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင် ပေးခဲ့ကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

SXM 9 ဂြိုဟ်တုကိုသယ်ဆောင် ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေ ဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၃၄ ဒသမ ၅ မိနစ် အကြာတွင် SXM 9 ဂြိုဟ်တုသည် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်မှ အောင်မြင်စွာခွာထွက်၍ သတ်မှတ်ပတ်လမ်းပေါ်သို့ ရောက် ရှိခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

SXM 9 ဂြိုဟ်တုသည် လက်ရှိ ရောက်ရှိနေသည့် ပတ်လမ်းနေရာ မှတစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၂၀၀၀ ကျော်တွင်ရှိ သော နောက်ဆုံးပတ်လမ်းဆီ သို့ ကိုယ်ပိုင်ဒုံးကန်အားစနစ်များ အသုံးပြု၍ ဆက်လက်တက် ရောက်မည်ဖြစ်သည်။

Space-X ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်ကလည်း SXM 8 ဆက်သွယ် ရေးဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ပြီးဖြစ် ကြောင်း သိရသည်။

SXM ဂြိုဟ်တုများကို အမေ ရိကန်နိုင်ငံအခြေစိုက် မက်ဆာ ဂြိုဟ်တု နည်းပညာကုမ္ပဏီက တည်ဆောက် ပေးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အချိုဓာတ်မရှိသော အနက်ရောင်ချောကလက်က ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၇**

အချိုဓာတ် ထည့်သွင်းထားမှု မရှိသော အနက်ရောင် ချော ကလက်သည် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင် ကြောင်း သုတေသနပညာရှင် များက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဟားဗက် တီအိတ်ချ်ချန် ပြည်သူ့ကျန်းမာ ရေးသိပ္ပံမှသုတေသနပညာရှင်များ ၏ အဆိုအရ သီတင်းတစ်ပတ်လျှင် အနည်းဆုံးငါးကြိမ်ထိ အနက် ရောင် ချောကလက် စားသောက် တတ်သူများ၌ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၁ ရာခိုင် နှုန်း နည်းပါးကြောင်း သိရသည်။

ထို့ပြင် အနက်ရောင် ချော ကလက်ကို ထိုပမာဏထက်ပို၍ စားသုံးပါက ပုံစံ-၂ ဆီးချိုဖြစ်နိုင် ခြေမှာ သုံးရာခိုင်နှုန်းထိ ထပ်မံ ကျဆင်းသွားနိုင်ကြောင်း အမေ ရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အခြားတစ်ဖက် တွင်မူ နို့ချောကလက်များကို အစား များပါက ရေရှည်တွင်ကိုယ်အလေး ချိန် မြင့်တက်လာနိုင်ပြီး ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မား လာတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ချောကလက်စားရာ တွင် နို့ချောကလက်အစား အနက် ရောင်ချောကလက်ကို ရွေးချယ် စားသုံးခြင်းဖြင့် ကျန်းမာရေးအရ အကျိုးရှိကြောင်းသုတေသနပညာ ရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် လူပေါင်း ၁၉၂၀၀၀ တို့၏ ကျန်းမာရေးအချက်အလက် များကို လေ့လာပြီးနောက် ၎င်းတို့ ၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဗြိတိန်၌ ကင်ဆာပုံစံဖြစ်ပွားနှုန်းမြင့်တက်မှုက E.Coli ဗက်တီးရီးယားများနှင့်ဆက်စပ်မှုရှိနိုင်

**လန်ဒန် ဒီဇင်ဘာ ၇**

ဗြိတိန်နိုင်ငံ၌ ကင်ဆာရောဂါ ပုံစံတချို့ဖြစ်ပွားနှုန်းမြင့်တက်လာ မှုသည် E.Coli ဗက်တီးရီးယား များနှင့်ဆက်စပ်မှု ရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင် ဘာ ၆ ရက်တွင် ပြောကြားသည်။

E.Coli ဗက်တီးရီးယားများ သည် အစာအဆိပ်သင့်မှု၊ ဆီးလမ်း ကြောင်းရောဂါများနှင့် သွေးလည် ပတ်မှုစနစ် ကူးစက်ရောဂါများကို ဖြစ်ပွားစေတတ်သည့် ဗက်တီးရီး ယားဖြစ်သည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ၌ အူမ ကြီးကင်ဆာအပါအဝင် ကင်ဆာ ရောဂါပုံစံတချို့ လူငယ်များကြား ဖြစ်ပွားနှုန်း မြင့်တက်လာမှုသည် E.Coli ဗက်တီးရီးယားပုံစံနှစ်မျိုး နှင့် ဆက်စပ်နေနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အထက်ပါ E.Coli ဗက် တီးရီးယားပုံစံနှစ်မျိုးသည် အူမ ကြီးကင်ဆာအပါအဝင် ကင်ဆာ ရောဂါတချို့ဖြစ်ပွားမှုနှင့်ဆက်စပ် နေသော Colibactin ခေါ် ဓာတု ပစ္စည်းတစ်မျိုး ထုတ်ပေးတတ် ကြောင်း သိရသည်။

သို့ဖြစ်ရာ အူမကြီးကင်ဆာ အပါအဝင် ကင်ဆာရောဂါပုံစံတချို့ ဖြစ်ပွားနှုန်း မြင့်တက်နေမှုကို E.Coli ကာကွယ်ဆေးဖြင့်လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ယူဆထားသည်။

Colibactin ဓာတုပစ္စည်းသည် မျိုးဗီဇအခြေခံမော်လီကျူးများကို ဖျက်ဆီးတတ်ပြီး ကင်ဆာဆဲလ် များကြီးထွားမှုကို စေ့ဆော်ပေး တတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နိုဝင်ဘာလအတွက် Sport Ireland Sportswoman Award ဆုကို ကေတီတေလာ ဆွတ်ခူး

အီဒင်ဘာ့ဂ် ဒီဇင်ဘာ ၇

အိုင်ယာလန် နိုင်ငံ၏ သက်တမ်းအရင့်ဆုံးနှင့် နာမည်အကြီးဆုံးသော သတင်းစာတစ်စောင်ဖြစ်သည့် The Irish Times သတင်းစာက လစဉ် အိုင်ယာလန်နိုင်ငံ၏ တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ရွေးချယ်ချီးမြှင့်ပေးလျက်ရှိရာ ယခုနှစ် နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံး အားကစားသမားဆု ဖြစ်သည့် Sport Ireland Sportswoman Award ဆုကို အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ကေတီတေလာက ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာသည် နိုဝင်ဘာလအတွင်း အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နို့အား ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

ကေတီတေလာသည် The Irish Times သတင်းစာ၏ တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆုကိုလည်း ၂၀၁၄ ခုနှစ်က တစ်ကြိမ်ရရှိခဲ့ဖူးသည့် လက်ဝှေ့မယ်ဖြစ်ပြီး ယခုနှစ်အတွက်လည်း တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိသည်။

The Irish Times သတင်းစာမှ တာဝန်ရှိသူတစ်ဦးက "နိုဝင်ဘာလအတွက် The Irish Times သတင်းစာရဲ့ တစ်လတာ အကောင်းဆုံး အားကစားသမားဆုကို အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံ ကေတီတေလာက ဆွတ်ခူးခဲ့ပါတယ်။ ကေတီတေလာဟာ နိုဝင်ဘာလအတွင်းမှာ ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နို့ကို အနိုင်ထိုးသတ်ပြီး ပြိုင်ဘက်ကင်းချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ပါတယ်"ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ref : The Irish Times

Trs : AZL




## အားကစားသတင်းအတိုအထွာများ

- လေဗာကူဆင်အသင်း ကစားသမား ဂျိုနသန်တက်ကို ခေါ်ယူနိုင်မည်ဆိုပါက ဒဏ်ရာမကြာခဏရရှိနေသည့် ခံစစ်ကစားသမား အာရှူဂျိုကို လာမည့်နွေရာသီတွင် ရောင်းချမည်ဟု ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။
- ချဲလ်ဆီးအသင်းက တိုက်စစ်မှူးအစ်ဆက်ခ်ကို ခေါ်ယူရန် နယူးကာဆယ်အသင်းက တောင်းဆိုသည့် ယူရိုသန်း ၁၀၀ ကိုပေးချေရန် အသင့်ရှိကြောင်းသိရသည်။
- အေစီမီလန်ကို အနိုင်ရခဲ့သည့် အတ္တလန်တာအသင်း စီးရီးအေကိုးပွဲဆက် နိုင်ပွဲရခဲ့ပြီး ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# မေဂျာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူးမက်ဆီဆွတ်ခူး




ဝါရှင်တန် ဒီဇင်ဘာ ၇

၂၀၂၄ ခုနှစ် မေဂျာလိဂ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ( London Donovan MVP Award) ကို တိုက်စစ်မှူး မက်ဆီက ဆန္ဒမဲအများဆုံးနှင့် ဆွတ်ခူးခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် အဆိုပါဆုအတွက် အသင်းဖော်တိုက်စစ်မှူး ဆွာရက်ဇ်၊ ကိုလံဘတ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်၊ ပေါ့လန်းတင်ဘာ ကစားသမား အီဗန်ဒါ၊ ဒီစီယူနိုက်တက်အသင်း ကစားသမား ဘန်တီကီတို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် ယခုနှစ် မေဂျာလိဂ်ပြိုင်ပွဲတွင် ၁၉ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၂၀ နှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ကစားသမားများ၊ နည်းပြအဖွဲ့ဝင်များနှင့် မီဒီယာများက ပေးအပ်သည့် ဆန္ဒမဲ ၃၈ ဒသမ ၄၃ ရာခိုင်နှုန်းထိ ရခဲ့ကာ ဂိုးသွင်းအများဆုံး ကစားသမား ဘန်တီကီက ၃၃ ဒသမ ၇ ရာခိုင်နှုန်းသာ ရရှိခဲ့သောကြောင့် အကောင်းဆုံးဆုကို ရရှိခဲ့သည်။

မက်ဆီသည် ဒဏ်ရာပြဿနာကြောင့် ၁၉ ပွဲသာ ပါဝင်ကစားခဲ့သော်လည်း တစ်ပွဲပျမ်းမျှ တစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ်က သွင်းဂိုး ၃၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ် ပြုလုပ်ခဲ့သည့် ကားလို့စ်ဗီလာ၊ ၂၀၁၅ ခုနှစ်က သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ်ပြုလုပ်ခဲ့သည့် ဂျီအိုဗ်ဗီကိုတို့နောက်တွင် တတိယမြောက် ဂိုးသွင်းအများဆုံးဖြစ်ခဲ့သည်။

၎င်းသည် ကစားသမားဘဝတွင် ဘောလုံးဒီအော်ဆု ရှစ်ကြိမ်၊ ဖီဖာတစ်နှစ်တာအကောင်းဆုံးဆု ရှစ်ကြိမ်၊ လာလီဂါအကောင်းဆုံး ခုနစ်ကြိမ်၊ ကမ္ဘာ့ဖလား၊ ချန်ပီယံလိဂ်၊ ယူအီးအက်ဖ်အေတို့တွင် တစ်နှစ်တာ အကောင်းဆုံးဆုများ ရရှိခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ဒရက်ဂ်မုန်တိုင်းကြောင့် ပရီးမီးယားလိဂ် ပွဲစဉ်(၁၅) အဖြစ်ကစားမည့် အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ကစားမည့်ပွဲစဉ်ကို ရွှေ့ဆိုင်း

လန်ဒန် ဒီဇင်ဘာ ၇

ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)အဖြစ် ကစားမည့် အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့၏ မာဆေးဆိုက်ဒါဘီပွဲစဉ်ကို ဒရက်ဂ်မုန်တိုင်း တိုက်ခတ်နေမှုကြောင့် ပွဲစဉ်ကို ရွှေ့ဆိုင်းရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယခု ရက်သတ္တပတ်အတွင်း ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ အနေဖြင့် အစောဆုံး ကစားရမည့်ပွဲစဉ်ဖြစ်သော်လည်း လက်ရှိ လီဗာပူးမြို့တွင် မွန်းလွဲပိုင်းမှစတင်ပြီး ဒရက်ဂ်အမည်ရှိ မုန်တိုင်းတိုက်ခတ်နေသဖြင့် ပွဲကစားရန် အဆင်မပြေဖြစ်နေသည့်အတွက် ပွဲစဉ်ကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးမြို့တွင် ယနေ့မွန်းလွဲပိုင်းမှစတင်ပြီး ဒရက်ဂ်မုန်တိုင်းသည် တစ်နာရီလျှင် ၈၂ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး ရာသီဥတုဆိုးရွားနေကာ ပွဲစဉ်ကို ပုံမှန်အတိုင်း ကျင်းပရန်အတွက် မဖြစ်နိုင်သည့် အခြေအနေများကြောင့် နှစ်ဖက်အသင်းတာဝန်ရှိသူများနှင့် ပရီးမီးယားလိဂ်မှ တာဝန်ရှိသူများသည် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ပွဲစဉ်ကို ရွှေ့ဆိုင်းရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု အဲဗာတန်အသင်းက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။



Ref : Sky Sports

Trs : STA

# နစ်ခ်ကိုင်ဂျီအို့စ်ဦးဆောင်သည့် PR(Protected ranking) ရထားသော ကစားသမား ၁၂ ဦး ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရမည်

လန်ဒန် ဒီဇင်ဘာ ၇

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပပြုလုပ်သွားမည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် ဩစတြေးလျတင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအို့စ်အပါအဝင် PR(Protected ranking) ကစားသမား ၁၂ ဦးက တိုက်ရိုက်မဲခွဲမှုတွင် ပါဝင်လာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါစာရင်းတွင် အမျိုးသားတင်းနစ်ကစားသမား ခြောက်ဦးနှင့် အမျိုးသမီးတင်းနစ်မယ် ခြောက်ဦးတို့ ပါဝင်သည်။

ဩစတြေးလျ တင်းနစ်ကစားသမားနစ်ခ်ကိုင်ဂျီအို့စ်၊ ဗြိတိန်တင်းနစ်ကစားသမားများ ဖြစ်ကြသည့် ကင်မရွန်းနော်ရီနှင့် ဂျက်ခ်ဒရပ်ပါတို့ ပါဝင်လာကြသလို ဗြိတိန် တင်းနစ်မယ်များဖြစ်ကြသော ကေတီဘိုလ်တာ၊ အမ်မာရာဒူကာနူ၊ ဆိုနေကာတယ်နှင့် အန်နာဘာရစ်ချ်တို့လည်း ပါဝင်လာခဲ့သည်။

ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲများတွင် ကမ္ဘာ့အဆင့်(၁၀၀)အတွင်းရပ်တည်နေသည့် ကစားသမားများသာ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ကမ္ဘာ့အဆင့် သတ်မှတ်ချက်ကိုလည်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် ရရှိသောရလဒ်ပေါ်မူတည်ပြီး သတ်မှတ်ခြင်းဖြစ်သလို ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပါကလည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတွက် ရမှတ်လျော့ခံရကြောင်း သိရသည်။

သို့သော်လည်း PR(Protected ranking) စည်းမျဉ်းအရ ဒဏ်ရာပြဿနာ ခြောက်လနှင့်အထက် ရင်ဆိုင်ရသည့် ကစားသမားများ အနေဖြင့် ဒဏ်ရာမရမီ ရပ်တည်နေသည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတိုင်း ဆက်လက်ရပ်တည်ခွင့်ရမည်ဖြစ်ပြီး အမှန်တကယ်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့်လည်း အခွင့်အရေးပေးသည့် စည်းမျဉ်းဖြစ်သည်။

နစ်ခ်ကိုင်ဂျီအို့စ်သည် ဒဏ်ရာပြဿနာကြောင့် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့သည်မှာ နှစ်နှစ်ကျော်နေပြီဖြစ်ပြီး နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲတွင် နစ်ခ်ကိုင်ဂျီအို့စ်အား ပြန်လည်မြင်တွေ့ရတော့မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# လီဗာပူးအသင်းက အသင်းခေါင်းဆောင် ဗန်ဒိုက်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်



**လန်ဒန် ဒီဇင်ဘာ ၇**

လီဗာပူးအသင်းက အသင်းမှ အဓိက ခံစစ်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းခေါင်းဆောင်ဖြစ်သည့် ဗန်ဒိုက်ကို သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိဗန်ဒိုက်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ လီဗာပူးအသင်း ချန်ပီယံလိဂ်ဖလားနှင့် ပရီးမီးယားလိဂ်ဖလားအပါအဝင် အခြားဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သည့်အပြင် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံး ဗဟိုခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်လျက်ရှိနေသူဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနှင့် ဗန်ဒိုက်တို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန် လာမည့် ၂၀၂၅ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သက်တမ်းမှာ လပိုင်းသာ ကျန်ရှိတော့သည့်အတွက် လီဗာပူးအသင်းက အဓိကခံစစ်ကစားသမားတစ်ဦးကို လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းတွင် ဗန်ဒိုက်အပြင် အဓိက ကစားသမားနှစ်ဦးဖြစ်သည့် တောင်ပံခံစစ်ကစားသမား အာနိုးနှင့် တောင်ပံတိုက်စစ်ကစားသမား ဆာလာဟ်တို့အနေဖြင့်လည်း အသင်းနှင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည် ဖြစ်သော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ အလွတ် ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ် ရှိနေသော်လည်း လက်ရှိတွင် ဗန်ဒိုက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် စတင်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ရိုဒရီဂို ခြေထောက်ကြွက်သားဒဏ်ရာကြောင့် ပွဲစဉ်အချို့ကို လွဲချော်မည်

**မက်ဒရစ် ဒီဇင်ဘာ ၇**

ရီးရဲလ်မက်ဒရစ်အသင်း အဓိက တိုက်စစ်ကစားသမား တစ်ဦးဖြစ်သည့် ရိုဒရီဂိုသည် ခြေထောက်ကြွက်သားဒဏ်ရာ ရရှိနေသည့်အတွက် အသင်းနှင့်အတူ ပွဲစဉ်အချို့ကို လွဲချော်သွားမည်ဟု ရီးရဲလ်မက်ဒရစ် အသင်းက အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အဓိက ကစားသမားအများစုက ဒဏ်ရာပြဿနာများကြောင့် မကြာခဏ လက်လွှတ်နေရသည့် အတွက် အသင်းအနေဖြင့်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရုန်းကန်နေရပြီး လက်ရှိ အသင်းတိုက်စစ်ပိုင်းတွင်လည်း ရိုဒရီဂိုအပြင် အဓိက ကစားသမား တစ်ဦးဖြစ်သည့် ဗင်နီစီးယပ်စ်သည်လည်း ဒဏ်ရာကြောင့် အနားယူနေခဲ့ရကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ရိုဒရီဂိုသည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့် မကြာခဏ ကြုံတွေ့နေခဲ့ရပြီး နိုဝင်ဘာ ၉ ရက်က အိုဆာဆူနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ဒဏ်ရာ ရရှိခဲ့သည့်အတွက် ရက်သတ္တပတ်အချို့ အနားယူခဲ့ရကြောင်း သိရသည်။

ရိုဒရီဂိုအနေဖြင့် ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့သည့်အတွက် ယခုလအတွင်းကစားခဲ့သည့် ဂီတာဖေးအသင်း၊ ဘီလ်ဘာအိုအသင်းတို့နှင့် ကစားခဲ့သည့် ပွဲစဉ်များတွင် ပြန်လည်ပါဝင်ကစားပေးခဲ့သော်လည်း ယခုအခါ ခြေထောက်ကြွက်သား ဒဏ်ရာ ထပ်မံရရှိခဲ့သည့်အတွက် ဆက်လက် အနားယူသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**



# Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ကစားသမား စကော့တီရှက်ဖလာဦးဆောင်

**ဘဟားမားစ် ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံ ဘဟားမားစ်ပြည်နယ်တွင် ကျင်းပနေသည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂျက်စတင်သောမတ်စ်နှင့် ဘာတီယာတို့သည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ဘရက်ဒ်လေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

စကော့တီရှက်ဖလာ သည် လက်ရှိချန်ပီယံ တစ်ဦးဖြစ်သလို



ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ကစားသမား တစ်ဦးလည်းဖြစ်ပြီး ချန်ပီယံဆုကိုလည်း ကာကွယ်နိုင်ရန် ရေပန်းစားနေသည်။

စကော့တီရှက်ဖလာအနေဖြင့် ပထမနေ့ကအမှားအနည်းငယ်ရှိခဲ့သည့်အတွက် အမှတ်ပေးဇယားကို ဦးဆောင်ခွင့် မရခဲ့သော်လည်း ဒုတိယနေ့တွင် အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့သလို Bogey-free ရခဲ့သည့်အတွက် အမှတ်ပေးဇယားကို ဦးဆောင်ရခဲ့ခြင်းဖြစ်သည်။

စကော့တီရှက်ဖလာက "ပထမနေ့ကထက်တော့ တော်တော်လေးကို သိသိသာသာကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့်လဲ အမှားအယွင်း တချို့လေးတွေတော့ ရှိပါသေးတယ်။ အမှားအယွင်းရှိပေမယ့်လဲ အားလုံးခြုံကြည့်ရင်တော့ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကို အားရကျေနပ်မှုအပြည့်အဝရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ဂိုးသမားများနှင့်ပတ်သက်သည့် စည်းမျဉ်းများ ပြောင်းလဲရန် IFAB ဆုံးဖြတ်

**ဇူးရစ် ဒီဇင်ဘာ ၇**

နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ်များဘုတ်အဖွဲ့က ဂိုးသမားများ အနေဖြင့် ပွဲချိန်ကြန့်ကြာအောင် ပြုလုပ်ခြင်းကို ကာကွယ်ရန် စည်းမျဉ်း ပြောင်းလဲသတ်မှတ်ရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

IFAB သည် လက်ရှိတွင် ပရီးမီးယားလိဂ်မှ ယူ-၂၁ အသင်းနှင့် အီတလီစီးရီးအေမှ ယူ-၂၀ အသင်းတို့တွင် ဂိုးသမားများအား ပွဲကစားချိန် ရှစ်စက္ကန့်ကျော် ဘောလုံးကိုင်ထားပါက ထောင့်ကန်ဘောပေးရသည့်စည်းမျဉ်းကို ကျင့်သုံးခဲ့ရာ အောင်မြင်သဖြင့် ထိပ်တန်းလိဂ်များတွင် အဆိုပါစည်းမျဉ်းကို စတင်အသုံးပြုရန် ဆုံးဖြတ်ထားသည်။

မော်တာနိုင်ငံမှ လူငယ်အသင်းများတွင် ဂိုးသမားများအနေဖြင့် ပွဲကစားချိန် ခြောက်စက္ကန့်ကျော် ဘောလုံးကိုင်ထားပါက ပြိုင်ဘက်ကို လက်ပစ်ဘောခွင့်ပြုပေးရသည့် စည်းမျဉ်းကို ကျင့်သုံးလျက်ရှိသည်။

IFAB အဖွဲ့ဝင် အက်ဖ်အေမှ အမှုဆောင်ဥက္ကဋ္ဌက "ဒီစည်းမျဉ်းက အရမ်းစိတ်ဝင်စားဖို့ကောင်းပါတယ်။ လက်ရှိမှာ စမ်းသပ် အသုံးပြုနေတာကတော့ ထောင့်ကန်ဘောနဲ့ လက်ပစ်ဘော သတ်မှတ်ပေးနေပါတယ်။ ဒီစမ်းသပ်မှုနှစ်ခုထဲက တစ်ခုခုကို ရွေးချယ်သွားမှာပါ။ ထောင့်ကန်ဘောပေးတဲ့ စည်းကမ်းကိုတော့ ပိုကြိုက်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**

**Trs : ML**

# တိုက်စစ်မှူး စီရော်နယ်ဒိုကို ခေါ်ယူရန် အယ်ဟိုင်လာအသင်းကြိုးပမ်း

**ရီယာ့ဒ် ဒီဇင်ဘာ ၇**

အယ်ဟိုင်လာ အသင်းသည် လာမည့်နွေရာသီတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၂၁ ခုနှစ်က အေအက်ဖ်စီ ချန်ပီယံလိဂ်ဖလား ရရှိထားသည့် အယ်ဟိုင်လာအသင်းသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်တွင်ကျင်းပမည့် ကမ္ဘာ့ကလပ် ချန်ပီယံဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိထားပြီး အုပ်စု(H) တွင် ရီးရဲလ်မက်ဒရစ်၊ ပါချူအာ၊ ဆဲလ်ဘတ်အသင်းတို့နှင့် ကစားရမည်ဖြစ်၍ တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် စီရော်နယ်ဒိုကိုခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အယ်နာဆာအသင်းနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးနေပြီး သက်တမ်းတိုးနိုင်ခြင်းမရှိပါက အယ်ဟိုင်လာအသင်းသို့ပြောင်းရွှေ့ရန် စိတ်ဝင်စားနေကာ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။

လက်ရှိ အယ်ဟိုင်လာအသင်း တိုက်စစ်ပိုင်းတွင် နေမာ၊ တိုက်စစ်မှူး မက်ထရိုဗစ်၊ မီလင်ကိုဗစ်ဆာဗစ်၊ ရူဗင်နီဗက်၊ ကန်ဆယ်လိုစသည့် ထိပ်တန်းကစားသမားများ ရှိသော်လည်း နေမာအနေဖြင့် ဒဏ်ရာ ရရှိနေသည့်အတွက် နွေရာသီတွင် အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာမည့်ဆာလာဟ်ကို ပစ်မှတ်ထားနေသည့်အပြင် စီရော်နယ်ဒိုကိုခေါ်ယူမည့် သတင်းများလည်း ထွက်ပေါ်နေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# ဂျပန်၊ ဂျာမနီတို့ထံမှ ဖရီးဂိတ်စစ်ရေယာဉ်များဝယ်ယူမည့် ဩစတြေးလျရေတပ်

ဩစတြေးလျအစိုးရသည် အနာဂတ်တွင် တော်ဝင်ဩစတြေးလျရေတပ်(RAN)၏ အထွေထွေသုံး ဖရီးဂိတ်စစ်ရေယာဉ်များ တည်ဆောက်ပေးရန် ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်း (MHI) နှင့် ဂျာမနီနိုင်ငံ၏ ThyssenkruppMarine Systems(TKMS) တို့ကို ရွေးချယ်ခဲ့သည်။

ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာန (DoD) သည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စီမံကိန်းအတွက် တင်ဒါအောင်မြင်သူများကို နိုဝင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ပြောကြားခဲ့သည်။ သင်္ဘောဒီဇိုင်းအသီးသီးအတွက် အဆိုပြုချက်များ ပိုမိုတိုးတက်လာစေရန် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ နှစ်ခုနှင့် ဩစတြေးလျစက်မှုလုပ်ငန်းမိတ်ဖက်များသည် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းသည် ဩစတြေးလျဝန်ကြီးချုပ်အယ်ဘန်နိစ်အစိုးရအတွက် Mogami အတန်းအစား ဖရီးဂိတ်စစ်ရေယာဉ်ကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိစဉ်မှာပင် ဂျာမနီနိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်း TKMS သည် MEKO A-200 စစ်ရေယာဉ်ဒီဇိုင်းကို ကမ်းလှမ်းထားရှိသည်။

Project Sea 3000 ဟု ခေါ်ဆိုသည့် ဆယ်စုနှစ်ကြာမြင့်ပြီဖြစ်သော အထွေထွေသုံး ဖရီးဂိတ်စစ်ရေယာဉ်တည်ဆောက်ရေးအစီအစဉ်အရ ဩစတြေးလျအစိုးရသည် မဟာဗျူဟာမြောက်အခြေအနေများကို တုံ့ပြန်နိုင်ရန် တော်ဝင်ဩစတြေးလျရေတပ်အတွက် ပိုမိုကြီးမားပြီး စွမ်းဆောင်ရည်မြင့်မားသော စစ်ရေယာဉ်များဖြည့်ဆည်းသွားရန် စီစဉ်လျက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံ၏ အထွေထွေသုံး ဖရီးဂိတ်စစ်ရေယာဉ်အသစ်များကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းကြောင်းများနှင့် မြောက်ပိုင်းသို့ ချဉ်းကပ်ရာတွင် ခိုင်မာသေချာမှုရှိစေရန် ရေအောက်စစ်ဆင်ရေးနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ တပ်ဆင်သွားမည်ဖြစ်ကြောင်း DoD က ထုတ်ပြန်ပြောကြားသွားခဲ့သည်။

ဩစတြေးလျနိုင်ငံသည် အထွေထွေသုံး ဖရီးဂိတ်စစ်ရေယာဉ် ၁၁ စီးဝယ်ယူပြီး ၁၉၉၀ ပြည့်လွန်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် တပ်တော်ဝင်ခဲ့သည့် Anzac အမျိုးအစား သက်တမ်းရင့် ဖရီးဂိတ်စစ်ရေယာဉ် ရှစ်စီးနေရာတွင် အစားထိုးခြင်းဖြင့် နိုင်ငံ၏ တိုက်ပွဲဝင်အသင့် စစ်ရေယာဉ်စုကို ထပ်လောင်းအားဖြည့်သွားရန် စီစဉ်ထားရှိသည်။

ပထမဆုံးဖရီးဂိတ်စစ်ရေယာဉ်သုံးစီးကို ပြည်ပ၌ပင် တည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းတို့အနက် ပထမဆုံးရေယာဉ်ကို ၂၀၂၉ ခုနှစ်တွင် တော်ဝင်ဩစတြေးလျရေတပ်သို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် စတင်တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ကျန် စစ်ရေယာဉ်ရှစ်စီးကို ဩစတြေးလျနိုင်ငံ အနောက်ပိုင်း Henderson သင်္ဘောကျင်း၌ တည်ဆောက်သွား မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာ တရားမဝင် မဟာမိတ်ဖွဲ့ထားပြီး ဩစတြေးလျနိုင်ငံကိုလည်း လုံခြုံရေးဆိုင်ရာ ဒုတိယမြောက်အရေးပါသော မဟာမိတ်နိုင်ငံအဖြစ် သဘောထားလျက်ရှိသည်။ အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးထွားလာမှုကြောင့် ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် ပိုမိုနီးကပ် လာလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဩစတြေးလျနိုင်ငံသို့ Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်တင်ပို့နိုင်ရေး ကြိုးပမ်းရာတွင် အောင်မြင်မှုရရှိခဲ့ပြီး နှစ်နိုင်ငံကြားဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာလျက်ရှိသည်။

ထို့ပြင် ဂျပန်အစိုးရသည် အဆင့်မြှင့်တင်ထားသော Mogami အတန်းအစား ဖရီးဂိတ်စစ်ရေယာဉ်ကို ဩစတြေးလျနိုင်ငံ၏ ဖရီးဂိတ်စစ်ရေယာဉ်အသစ်အဖြစ် ရွေးချယ်ခံရလျှင် ပူးတွဲသုတေသနပြုတည်ဆောက်မှုနှင့် ထုတ်လုပ်မှုကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း ယခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။ ဂျပန်အစိုးရအနေဖြင့် အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပပြီးနောက် ကာကွယ်ရေးပစ္စည်းနှင့် နည်းပညာလွှဲပြောင်းရေး



ဆိုင်ရာ မူဝါဒသုံးရပ်ကို အခြေခံလျက် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပူးတွဲသုတေသနပြုတည်ဆောက်မှုနှင့် ထုတ်လုပ်မှုစီမံကိန်းသည် ဩစတြေးလျနိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ အံဝင်ခွင်ကျဆောင်ရွက်နိုင်မှုများကို သိသာထင်ရှားစွာ တိုးတက်လာစေမည်ဖြစ်သည့်အတွက် အင်ဒို-ပစိဖိတ်ဒေသတွင် သင်္ဘောတည်ဆောက်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့ ခိုင်မာအားကောင်းလာစေမည့်အပြင် အနာဂတ် ဂျပန်စစ်ရေယာဉ်များ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံ၏ လုံခြုံရေးအတွက် ထူးခြားသောတိုးတက်မှုများ ဖြစ်လာစေမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ချက်တစ်ရပ်၌ ပြောကြားသွားခဲ့သည်။

ယခု စစ်ရေယာဉ်လွှဲပြောင်းမှု လုပ်ငန်းစဉ် လက်တွေ့အကောင်အထည် ပေါ်လာမည်ဆိုလျှင် ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(JMSDF)ရေယာဉ်တစ်စီးတွင် ပါဝင်သော ပထမဆုံးကာကွယ်ရေးပစ္စည်း လွှဲပြောင်းပေးမှုဖြစ်လာမည်ဖြစ်သည်။

30FFM ဟုလည်း သိရှိထားသည့် Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်သည် ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဘက်စုံသုံးကိုယ်ပျောက်ဖရီးဂိတ်ဖြစ်ပြီး ဂျပန်ကျွန်းစုပတ်ဝန်းကျင်ရှိ ရေပိုင်နက်များတွင် စောင့်ကြည့်မစ်ရှင်များ ထမ်းဆောင်ရန် ရည်ရွယ်ထားရှိသည်။ ၎င်းစစ်ရေယာဉ်ကို မိုင်းစစ်ဆင်ရေးစွမ်းဆောင်ရည်အပါအဝင်ဘက်စုံသုံးစွမ်းဆောင်ရည်များ မြှင့်တင်နိုင်မည့်လက်နက်နှင့် လက်နက်စနစ်များ တပ်ဆင်ထားရှိသည်။

အထူးသဖြင့် Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်သည် အမှုထမ်း ဦးရေ ၉၀ ခန့်သာ လိုအပ်သည်။ သို့သော် ဩစတြေးလျနိုင်ငံ၏ ရှိရင်းစွဲ Anzac အမျိုးအစား ဖျက်သင်္ဘောပုံစံစစ်ရေယာဉ်များသည် အမှုထမ်း ဦးရေ ၁၈၀ လိုအပ်သည်။ လက်ရှိအချိန်တွင် ဩစတြေးလျအစိုးရသည် ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံမှ သင်္ဘောတည်ဆောက်ရေးစီးပွားရေးလုပ်ငန်းကြီးနှစ်ခုကို ၎င်းတို့၏ ဒီဇိုင်းများ အဆင့်မြှင့်တင်၍ အဆိုပြုသွားနိုင်ရန် အခွင့်အလမ်းပေးထားသည်။

ဂျပန်နိုင်ငံသည် အဆင့်မြှင့်တင်ထားသော Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်ကို ဝန်ပြည့်တန်ချိန် ၄၈၀၀ ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းစစ်ရေယာဉ်သည် အချက်ပြထုတ်လွှတ်မှုနည်းပါးခြင်း၊ အမြန်နှုန်းမြင့်မားခြင်းနှင့် အမှုထမ်းလိုအပ်မှုနည်းခြင်း၊ လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်နှင့် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်မှုမြင့်မားခြင်း၊ ကုန်ကျစရိတ်လျှော့ချနိုင်ခြင်းနှင့် မိုင်းရှာဖွေရေးစွမ်းဆောင်ရည် မြင့်မားခြင်း စသည့် အားသာချက်များရှိနေသည်။

ဂျပန် ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် ၂၀၂၃ ဘဏ္ဍာနှစ်ထိ Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ် ၁၂ စီး တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း FFM အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်အသစ် ၁၂ စီး ပိုင်ဆိုင်နိုင်ရန် စီစဉ်ထားရှိသည်။ အဆိုပါအတန်းအစားသစ် ဖရီးဂိတ်စစ်ရေယာဉ်သည် Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်များကို စွမ်း ဆောင်ရည် မြှင့်တင်တည်ဆောက်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အမျိုးအစားသစ် FFM ဖရီးဂိတ်စစ်ရေယာဉ်ကို တာဝေးပစ်ဒုံးကျည်များ၊ ရေငုပ်သင်္ဘောဖျက်အဆင့်မြင့်စွမ်းဆောင်ရည်များနှင့် အမျိုးမျိုးသော ပင်လယ်ရေကြောင်းစစ်ဆင်ရေးအတွက် အဆင့်မြင့်စွမ်းဆောင်ရည်များ တပ်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အထူးသဖြင့် Type 12 ဒုံးကျည်၏ အဆင့်မြှင့်မှုကွဲဖြစ်သော သင်္ဘောတင်ပစ်ခတ်နိုင်သည့် ဒုံးကျည်နှင့် A-SAM သင်္ဘောတင်ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်များကို အမျိုးအစားသစ် FFM ဖရီးဂိတ်စစ်ရေယာဉ်၌ တပ်ဆင်သွားမည် ဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သော လေယာဉ်ဖျက်နှင့် ရှာဖွေရေးစွမ်းဆောင်ရည်များ တပ်ဆင်ထားရှိသောကြောင့် FFM ဖရီးဂိတ်စစ်ရေယာဉ်သည် FFG အမျိုးအစား ဒုံးကျည်တင် ဖရီးဂိတ်စစ်ရေယာဉ်နှင့် စွမ်းဆောင်ရည် တူညီလာမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသွားခဲ့သည်။

အခြားတစ်ဖက်တွင်လည်း ဂျာမနီနိုင်ငံက တည်ဆောက်ထားသော MEKO A-200 အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်သည် စွမ်းဆောင်ရည် ပိုမိုသာလွန်လျက်ရှိသည်ဟု အခိုင်အမာယုံကြည်ထားမှုများလည်း ရှိနေသည်။ ၎င်းစစ်ရေယာဉ်ကို တောင်အာဖရိကနိုင်ငံ၊ အယ်ဂျီးရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံများသို့ တင်ပို့ထားရှိသည်။ ဂျာမနီနိုင်ငံက တည်ဆောက်ထားသော MEKO ဖရီးဂိတ်စစ်ရေယာဉ်ဒီဇိုင်းသည် Anzacs ဖျက်သင်္ဘောပုံစံစစ်ရေယာဉ်ထက် အရွယ်အစား ပိုမိုကြီးမားပြီး ခေတ်မီသောမူကွဲပုံစံဖြစ်ပြီး ကိုင်တွယ်အသုံးပြုရာတွင် လွယ်ကူသည့်အပြင် ဂျာမနီ၏အကြီးစားစက်မှုလုပ်ငန်း TKMS၏ ပြည်ပတင်ပို့မှု အတွေ့အကြုံရှိမှုများကြောင့် ဩစတြေးလျနိုင်ငံအတွက် ရွေးချယ်မှုမှန်ကန်သည်ဟု ရှုမြင်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုအရှိန်အဟုန်မြင့်တက်လာမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည့်အချိန်တွင် ဂျပန်နိုင်ငံနှင့် ဩစတြေးလျရေတပ်တို့ကြား စစ်ရေယာဉ်အတူတကွ ပူးပေါင်းတည်ဆောက်ရာ၌ မစ်ဆူဘီရှီ၏ Mogami ဖရီးဂိတ်စစ်ရေယာဉ်ဒီဇိုင်းသည် မဟာဗျူဟာမြောက် နယ်ပယ်များတွင် အသာစီးရရှိလျက်ရှိသည်။ သို့သော် ဂျပန်နိုင်ငံသည် ပြည်ပရေတပ်များသို့ သင်္ဘောများတင်ပို့မှုနှင့်စပ်လျဉ်း၍ ပြည်ပတင်ပို့မှုအတွေ့အကြုံ နည်းပါးလျက်ရှိသည်။

အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ စစ်ရေးအင်အားဖြန့်ကြက်မှု မြင့်တက်လာခြင်းကို ရင်ဆိုင်နိုင်ရေးအတွက် ဩစတြေးလျနိုင်ငံအနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် Mogami အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်ကို မဟာဗျူဟာမြောက် ရွေးချယ်ခဲ့ခြင်းဖြစ်သလားဆိုသော မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ ထို့ပြင် ဂျာမနီဒီဇိုင်း ဖရီးဂိတ်စစ်ရေယာဉ်သည် တော်ဝင်ဩစတြေးလျရေတပ်၏ ရှိရင်းစွဲ စစ်ရေယာဉ်များနှင့် လိုက်လျောညီထွေ အသုံးပြုသွားနိုင်မလားဆိုသော မေးခွန်းလည်း ထွက်ပေါ်လျက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းနိုင်ငံများအနေဖြင့် ၂၀၂၅ ခုနှစ် စစ်လက်နက်ပစ္စည်းဝယ်ယူရေးအစီအစဉ်အတွက် ဩစတြေးလျအစိုးရ၏ အပြီးသတ်ဆုံးဖြတ်ချက်ကို အာရုံစိုက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ဩစတြေးလျနိုင်ငံသည် နိုင်ငံ၏ ရေတပ်စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး တော်ဝင် ဩစတြေးလျရေတပ်အတွက် စပိန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံမှ စစ်ရေယာဉ်တည်ဆောက်ရေးကုမ္ပဏီများကိုကျော်၍ ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်း(MHI)နှင့် ဂျာမနီနိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်း(TKMS)များကို ရွေးချယ်ထားရှိပြီးဖြစ်သည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် ဂျပန်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည်။

**ကိုးကား**

**- Japan, Germany Listed as Finalists for Royal Australian Navy's Future Frigates by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# Mahar Application ၏ မူပိုင်ဇာတ်လမ်းတွဲဖြစ်သည့် ညို့ ဇာတ်လမ်းတွဲကို ဒီဇင်ဘာလ တတိယပတ်တွင် ထုတ်လွှင့်သွားမည်



**ရန်ကုန် ဒီဇင်ဘာ ၇**

Mahar Application ၏ မူပိုင်ဇာတ်လမ်းတွဲဖြစ်သည့် ညို့ ဇာတ်လမ်းတွဲကို HD Quality ဖြင့် ဒီဇင်ဘာလ တတိယပတ်တွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးထားသူ ဒါရိုက်တာ အောင်ချမ်းလူက ပြောပြ၍ သိရသည်။

ညို့ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားထားပြီး ဇာတ်ညွှန်းကို ညမွှေးပန်း၊ မုဒြာနှင့် Star Script teams တို့က ရေးသားထားကာ ဒါရိုက်တာ အောင်ချမ်းလူက Mahar Application အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ညို့ ဇာတ်လမ်းတွဲဟာ Maharနဲ့ ကျွန်တော်ပူးပေါင်းဖန်တီးတဲ့ Mahar ရဲ့ မူပိုင်ဇာတ်လမ်းတွဲဖြစ်ပါမယ်။ Mahar မှာ စောင့်မျှော်အားပေးစေချင်ပါတယ်။ ညို့ဟာ ဒရာမာဇာတ်လမ်းတွဲပါပဲ။ ညို့ ဇာတ်လမ်းတွဲထဲမှာ ကြည်နူးလွမ်းဆွတ်စရာတွေ၊ ဝမ်းနည်းပူဆွေးရတာတွေအပြင် ပရိသတ်ရင်ထဲရောက်စရာတွေလဲ ပါပါတယ်။ ညို့ကို အကောင်းဆုံးကြိုးစားပုံဖော်ထားပါတယ်"ဟု ဒါရိုက်တာ အောင်ချမ်းလူက ပြောပြသည်။

ညို့ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ထွန်းကိုကို၊ ဗညားဘုန်းပြည့်၊ မင်းအာကာ၊ ဒေါင်းဝေ၊ ရဲရင့်၊ စည်သူအောင်၊ အောင်လွင်မိုး၊ မြတ်သူရိန်ကျော်၊ ဇင်ဇင်ဇော်မြင့်၊ ထက်ထက်ထွန်း၊ ခင်သဇင်၊ အေးသီတာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Brave ဟာသဒရာမာဇာတ်ကား၌ သရုပ်ဆောင်လေးဦး ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၇**

Brave အမည်ရှိ ဟာသဒရာမာဇာတ်ကားတွင် မင်းသား ဒဲလပ်ဂိုးတု၊ ဝက်စတူဒီ၊ ဂရေဟာမ်ဂရင်းနှင့် မင်းသမီး အမ်းဘားမစ်ဟန်ဒါတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

Brave ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ စတီဗင်ပေါ်ဂျပ်က ကိုယ်တိုင်ဇာတ်ညွှန်းရေးပြီး ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

Brave ဇာတ်ကားကို လာမည့် နွေရာသီအတွင်း အိုကလာဟိုးမားပြည်နယ် အရှေ့တောင်ပိုင်း၌ စတင်ရိုက်ကူးရန် စီစဉ်ထားသည်။

Brave ဇာတ်ကားတွင် အရက်စွဲနေသည့် ဦးလေးနှင့် အသည်းကင်ဆာရောဂါ ခံစားနေရသော တူမတို့၏ ဆက်ဆံရေးကို ပုံဖော်ရိုက်ကူးမည့် ဟာသဒရာမာဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် အိုကလာဟိုးမားပြည်နယ် ချောက်တောအမျိုးသားဥယျာဉ်၌ ပထမဆုံးရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Brave ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တာတေနှင့် အမှောင်ထဲကရယ်သံ ဇာတ်လမ်းကို ဒီဇင်ဘာလဒုတိယပတ်တွင် Shwe Stream Application မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၇**

Shwe Stream Application မှ တာတေနှင့် အမှောင်ထဲကရယ်သံ ဇာတ်လမ်းကို ဒီဇင်ဘာလ ဒုတိယပတ်တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို တာဝန်ယူပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြ၍ သိရသည်။

တာတေနှင့် အမှောင်ထဲကရယ်သံ ဇာတ်လမ်းကို စာရေးဆရာ တာတေ၏ဝတ္ထုကို (အေဝမ်း) ဦးလှဝင်းက ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ရွှေဇင်မင်းကျော်က ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ်သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ တာတေ ဇာတ်လမ်း တော်တော်များများကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Pay Application ကနေ ပြသနေပါတယ်။ ဒီဇာတ်လမ်းမှာတော့ ဦးညွန့်ဝယ်ထားတဲ့ ခြံထဲမှာ သရဲခြောက်တဲ့ အိမ်ကြီးတစ်လုံးရှိတယ်လို့ ကြားမိတဲ့ တာတေဟာ ကိုညိုမောင်၊ နှင်းမြတို့နဲ့အတူ အဲဒီသူရဲခြောက်တဲ့ အိမ်ကြီးဆီကို သွားကြပါတယ်။ ဒီအိမ်ကြီးထဲမှာ အသံနက်ကြီးနဲ့ ခြောက်လှန့်နေတဲ့ ဦးမှုံကြီးဆိုတဲ့ဝိညာဉ်နဲ့ဆုံမိကြတဲ့အခါ ဘာတွေဖြစ်လာမလဲ။ တာတေတို့ ဘယ်လိုကူညီပေးကြမလဲဆိုတာ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာ ရွှေစင်မင်းကျော်က ပြောပြသည်။




တာတေနှင့် အမှောင်ထဲက ရယ်သံ ဇာတ်လမ်းတွင် သရုပ်ဆောင် နေခနဲ၊ ကိုဒွေး၊ ကျော်ကျော်၊ ဟန်မြင့်၊ အောင်ခိုင်၊ မြမောင်၊ ချောဆင့်သူ၊ သဇင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Scream-7 ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ဆီလီစတီအိုကွန်နာ ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၇**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Scream-7 ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသမီး ဆီလီစတီအိုကွန်နာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဆီလီစတီအိုကွန်နာသည် Ghostbusters:Frozen Empire ဇာတ်ကားဖြင့် ထင်ရှားသော လူငယ်မင်းသမီးဖြစ်ပြီး Scream-7 ဇာတ်ကားတွင် မင်းသမီး ဆီလီစတီအိုကွန်နာသည် မင်းသမီး နီဗီကမ့်ဘဲ၊အစ္စဘဲမေ၊ကုတ္တနေကော့တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Scream-7ဇာတ်ကား၌ ဆီလီစတီအိုကွန်နာ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်စရိုက်ကို မသိရသေးကြောင်း သိရသည်။

Scream-7 ဇာတ်ကားကို ဒါရိုက်တာ ကီဗင်ဝီလျံဆင်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂျိမ်းဗင်ဒါဘေးနှင့် ဂိုင်းဘူးဆစ်တို့က ဝတ္ထုဇာတ်ညွှန်းရေးသားထားသည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ကျောက်တံတားမြို့နယ် Myanmar Ahla Art Gallery တွင် ပန်းချီအနုပညာရှင်ဦးရေ ၃၀ ပါဝင်ပြသမည့် ဟေမန်နှစ်ဆယ့်လေး Group Art Exhibition ကျင်းပပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် Myanmar Ahla Art Gallery ၌ ပန်းချီအနုပညာရှင်ဦးရေ ၃၀ ပါဝင်ပြသမည့် ဟေမန်နှစ်ဆယ့်လေး Group Art Exhibition ကိုယနေ့မှစ၍ ဒီဇင်ဘာ ၁၂ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲစီစဉ်သူ ပန်းချီ မောင်မိုးက ပြောပြ၍ သိရသည်။

ဟေမန်နှစ်ဆယ့်လေး Group Art Exhibition တွင် ပန်းချီအနုပညာရှင်ဦးရေ ၃၀ ၏ မတူကွဲပြားခြားနားသည့် ပန်းချီလက်ရာများကို ကြည့်ရှုကြရမည်ဖြစ်ပြီး ထင်ရှားသည့် ပန်းချီအနုပညာရှင်များ၏ လက်ရာသစ်များကိုလည်း ကြည့်ရှုခွင့်ရမည် ဖြစ်ကြောင်း သိရသည်။

"သဘာဝတရားကြီးကို ချစ်မြတ်နိုးတဲ့ အနုပညာချစ်သူတွေအတွက် ဟေမန်နှစ်ဆယ့်လေး ပန်းချီပြပွဲကြီးက စိတ်ကျေနပ်စေမဲ့ပြပွဲတစ်ခုဆို မှားမယ်မထင်ပါဘူး။ ပြပွဲပါပန်းချီကားတွေထဲမှာ ပျော့ပျောင်းပြီး ငြိမ့်ညောင်းလှတဲ့ အရောင်တွေ၊ လှပတဲ့ရှုမျှော်ခင်းတွေပါဝင်ပါတယ်။ သဘာဝတရားကြီးနဲ့ အမြဲထိတွေ့နေဖို့ နည်းလမ်းတစ်ခုကိုရှာဖွေနေရင်တော့ ဒီပြပွဲကို လာရောက်ခံစားဖို့ ဖိတ်ခေါ်ပါရစေ။ ပန်းချီဆရာအယောက် ၃၀ ပါဝင်တဲ့ ဟေမန်နှစ်ဆယ့်လေး ရေဆေးပန်းချီပြပွဲကြီးက ရေဆေးပန်းချီကားတွေ ဘာကြောင့် စုဆောင်းသင့်သလဲဆိုတာကို ထုတ်ဖော်ပြသပေးမှာပါ"ဟု အဆိုပါပန်းချီပြပွဲစီစဉ်သူ ပန်းချီ မောင်မိုးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄) လက်မ၊ (၁၈x ၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အမြင့်ဆုံးငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။ ASH

# Kawlin District finishes harvest of more than 28,000 acres of monsoon paddy



Monsoon paddy being harvested in a field using machinery.

**Kawlin December 7**

According to the statistics of Kawlin District Agriculture Department, a total of 28,969 acres of monsoon paddy has been harvested in the district of Sagaing Region.

Local farmers planted 192,673 acres of monsoon paddy in monsoon this year. They started harvest of crops in October. So far, they have harvested 26,465 acres of monsoon paddy in Kawlin Township and 2,504 acres in Pinlebu Township, totalling 28,969 acres, yielding 78.52 baskets per acre.

U Thein Win, Head of Kawlin District Agriculture Department commented: "This year, local farmers have planted more than 190,000 acres of monsoon paddy in the district. Now, they are harvesting paddy. So far, they have reaped more than 28,000 acres of paddy plantations. Officials of the District Agriculture Department made field trips to paddy fields for cultivation of monsoon paddy in time."

This year, officials of relevant township Agriculture Department cooperate with local farmers in growing paddy without difficulties.

In Kawlin District, officials share agricultural techniques, prevention of pests and minimizing loss and waste of crops and keeping crops under shelter in time with local farmers.

Moreover, staff members of the relevant Township Agriculture Department help local farmers select quality strains of crops, conduct surveillance against pests, weed the crop plantations and removed different strains of crops to boost per-acre yield of crops. 206

# More than 10,000 acres of groundnut in YeU Township

**YeU December 7**

Statistics of YeY District Agriculture Department mentioned that a total of 10,248 acres of groundnut has been planted in YeU Township of Sagaing Region.

In 2024-25 winter, local authorities earmarked 7,066 acres of groundnut in YeU Township but local farmers have so far planted 10,248 acres of groundnut exceeding the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Local farmers have planted more than 10,000 acres of groundnut exceeding the target cultivation of over 7,000 acres. At present, groundnut plantations are thriving in the croplands with potentials for having success in oil crops. Sown acreage of groundnut is on the rise yearly."

Farmers need to use 1.5 baskets of groundnut seeds per acre and cost more than K200,000 per acre for seeds of crops, labour charge, fertilizers, pesticides and others. But, the crops yield more than 50 baskets per acre.

This year, officials of the township Agriculture Department help local farmers boost per-acre yield of groundnut and prevent pests.

206



A groundnut plantation.

# More than 40,000 acres of winter sesame planted in Sagaing Township

**Sagaing December 7**

A total of 40,240 acres of croplands have been placed under winter sesame in Sagaing Township of Sagaing Region, according to the statistics of Sagaing Township Agriculture Department.

In 2024-25 winter season, local authorities set a plan to grow 40,351 acres of sesame but local farmer have so far planted 40,240 acres of sesame against the target of cultivation.

U Myo Thant Aung, Head of Sagaing Township Agriculture Department commented: "Township officials earmarked cultivation of 40,351 acres of winter sesame this year but farmers have so far planted 40,240 acres of crops against the target. They are trying hard to meet the target cultivation. Sown acreage of sesame is on the rise yearly. The oil crop plantations are thriving in the township."

This year, officials of the Township Agriculture Department assist in cultivation of sesame on the expanded sown acreage and growing of crops with GAP system and use of quality strains of crops for boosting per-acre yield.

The crops planted in GAP system can secure boosting per-acre yield more than other crops planted in conventional methods. Moreover, the formers can grasp market shares at home and abroad. Consequently, farmers can earn increased incomes from the corps.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Potato which flows from Shan State marketable in Maubin Township

**Maubin December 7**

Potato which flows from Shan State into the market in Maubin Township of Ayeyawady Region is marketable, said Daw Ni Ni Win, the owner of foodstuff trading wholesale centre in Maubin Township.

Potato from Shan State regularly flows into domestic markets in Maubin Township of Ayeyawady Region. Starting from the second week of November, trading of these potatoes have been notably booming in Maubin Township, fetching K750,000 per 100 viss.

Daw Ni Ni Win, unveiled: "This year, yield of potato in Maubin Township is lesser. So, prices of potatoes double in Maubin Township rather than last year. Potato fetched K350,000 per 100 viss in the previous year but K750,000 per 100 viss this year. At present, trading of potato is good. The market in trading of potato is booming. Merchants are trading some 100 viss of potatoes daily."

Thanks to good trading of potato, local merchants and those in trading chain are convenient in their livelihoods.

Kyaw Kyaw Lin



Potatoes for sale at a market.

# Tapioca tubers in high trading in Pantanaw Township, Ayeyawady Region


Tapioca tubers seen at a warehouse.

**Pantanaw December 7**

Tapioca tuber, produced in Pantanaw Township of Ayeyawady Region is in high trading, said Daw Ni Ni Win, the owner of agricultural produce trading in Pantanaw Township.

Tapioca tubers are being traded in Pantanaw Township starting from the second week of November this year. It fetches K4,500 per viss in the region.

Daw Ni Ni Win disclosed: "Tapioca tuber is in high trading. Local farmers prefer to grow two species of tapioca in Pantanaw Township. Now, farmers start harvest of the tubers. Thanks to high demand of tapioca, local farmers as well as farming workers are earning incomes for their families. Last year, farmers declined cultivation of sweet potato in Pantanaw Township. So, this year's prices of tapioca are high at the domestic market in addition to demand from Yangon market."

Local farmers grow paddy as well as tapioca in their farms as mixed crops. They grow tapioca on some five acres of land. They need to spend some K370,000 per acre of tapioca and have to earn some K900,000 per acre of products.

Kyaw Kyaw Lin

# Mawgyun supplies 75,000 bags of Thai Baygya rice to Yangon market in November

**Mawlamyinegyun December 7**

Merchants from Mawlamyinegyun Township of Ayeyawady Region sent 75,000 bags of Thai Baygya rice to Yangon market in November, said Daw Lin Lin, the owner of rice and paddy trading centre in Mawlamyinegyun Township.

They sent 50,000 bags of Thai Baygya rice to Yangon market in October but 75,000 bags in November.

Daw Lin Lin explained: "Mawlamyinegyun Township sold 75,000 bags of Thai Baygya rice to Yangon market in November. Local merchants emphasize sale of agricultural products to Yangon market only. Thai Baygya rice is non-premium one. Due to high demand from Yangon market, local merchants can rise sale of rice to the market."

In November, Thai Baygya rice fetched K97,500 per bag in Yangon market. Due to high trading of rice, those in the production chain including freight workers and truck drivers are convenient in their livelihoods.

Kyaw Kyaw Lin


Bags of rice in large stock at a warehouse.

# 26 killed in western Cote d'Ivoire minibus collision

**Abidjan December 7**

At least 26 people were killed and 28 others injured in a road accident Friday afternoon on the Issia-Daloa axis, western Cote d'Ivoire, according to a statement from the Ivorian Ministry of Transport.

The statement said that the tragedy happened near the village of Brokoua when one of two passenger minibusses' tires burst, leading to the collision of the two vehicles.

The injured were evacuated to the Issia General Hospital, about 357 km from Abidjan, the economic hub of Cote d'Ivoire. A team from the ministry was dispatched to the scene and an investigation was launched "to shed full light on the circumstances of the accident and its heavy human and material toll," read the statement.

On average, between 1,000 and 1,500 people die each year in road accidents in Cote d'Ivoire, where there are about 1.5 million vehicles on the road, according to the Ministry of Transport.

The main causes of road accidents in Cote d'Ivoire are poor driving practices, especially speeding, incivility and carelessness, as well as poor road conditions and faulty vehicles.

In recent years, the Ivorian government has introduced some measures aimed at reducing the number of fatal accidents, including the addition of points to drivers' licenses, a ban on the import of cars older than five years, road maintenance and the installation of video cameras.

Xinhua

# Shwebo Township finishes cultivation of winter sesame

**Shwebo December 7**

Statistics of Shwebo Township Agriculture Department mentioned that a total of 9,581 acres of winter sesame has been planted in Shwebo Township of Sagaing Region.

Local farmers have so far planted 9,581 acres of sesame as cold season crops in Shwebo Township against the target of 9,587 acres.

U Hsan Oo, Head of Shwebo Township Agriculture Department commented: "This cold season, local authorities planned to grow 9,587 acres of sesame in Shwebo Township but farmers have so far planted 9,581 acres. They are striving for meeting the target cultivation. Sown acreage of sesame is on the rise yearly. Farmers prefer to grow sesame in winter rather than monsoon season."

Officials of the Township Agriculture Department raise farmer awareness to grow sesame successfully with quality seeds and GAP techniques so as to boost per-acre yield of crops.

The crops planted in GAP system have higher quality and grasp greater market shares at home and abroad. Consequently, farmers will have improvement of their socioeconomic life.

206

# China-UAE economic exchange center opens in Dubai

**Dubai December 7**

The China-United Arab Emirates (UAE) Economy and Trade Exchange Center was officially inaugurated on Friday at the China Pavilion in Expo City Dubai, with the witness of over 100 Chinese and UAE dignitaries and guests.

In his opening remarks, Chinese Ambassador to the UAE Zhang Yiming praised the remarkable achievements of China-UAE economic and trade cooperation.

He noted that this year marks the 40th anniversary of diplomatic relations between China and the UAE. The center's opening serves as the culmination of the anniversary celebrations, providing a platform for deepening bilateral economic ties, injecting fresh vitality into their relationship, and creating new opportunities for shared development.

Najeeb Mohammed Al-Ali, executive director of the Dubai Expo 2020 Bureau, emphasized that Expo City Dubai is dedicated to building bridges for international cooperation and hailed the center as a vivid example of Dubai's commitment to diversified development.

Shi Dai, director and president of China Merchants Group Limited, underscored her company's role as an important witness, participant, and beneficiary of China-UAE friendship. She pledged to uphold the principles of openness and innovation, ensuring the efficient operation of the center.

Xinhua


Guests visit a cultural exchange exhibition at the China Pavilion of Dubai Expo City in Dubai, the United Arab Emirates (UAE), Dec. 6, 2024.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်မရိန်းတပ်ဖွဲ့က သင်္ဘောဖျက်ဒုံးကျည်စနစ်သစ်ကို Raytheon နှင့် Kongsberg ကုမ္ပဏီထံမှ လက်ခံရရှိ



အမေရိကန် မရိန်းတပ်ဖွဲ့သည် သင်္ဘောဖျက်ဒုံးကျည်စနစ်သစ်(NMESIS) ကို Raytheon နှင့် Kongsberg ကုမ္ပဏီထံမှ လက်ခံရရှိခဲ့ပြီး မရိန်းတပ်ဖွဲ့၏ အဟန့်အတားစွမ်းရည် အဆင့်မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုတွင် အရေးပါသော မှတ်တိုင်တစ်ခုလည်းဖြစ်ကာ မြေပြင်အခြေစိုက် သင်္ဘောဖျက်ဒုံးပစ်လောင်ချာစနစ်လည်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တရားဝင်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ဟာဝိုင်ရီကျွန်းရှိ မရိန်းတပ်ဖွဲ့အခြေစိုက်စခန်း Dewey Square တွင် ကျင်းပခဲ့ရာ အမေရိကန်စစ်ဘက်နှင့် နိုင်ငံတကာမိတ်ဖက်နိုင်ငံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါအဆင့်မြင့်လက်နက်စနစ်ကို အမှတ်(၃) မရိန်းကမ်းတက်တပ်ရင်းကြီး(MLR)တွင် တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်သည်။

ပင်လယ်ရေကြောင်း ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် မရိန်းတပ်ဖွဲ့၏စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ရာတွင် အဓိကအရေးပါလာမည့် သင်္ဘောဖျက်ဒုံးကျည်စနစ်သည် ယာဉ်တင်အမျိုးအစားဖြစ်ပြီး ရေတပ်စစ်ဆင်ရေးများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အမှတ်(၃) မရိန်းကမ်းတက်တပ်ရင်းကြီး တပ်ရင်းမှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး Timothy W. Love က ထုတ်ဖော်ပြောကြားခဲ့သည်။

"အဓိက ပင်လယ်ရေကြောင်းနယ်မြေကို သိမ်းပိုက်၊ ခုခံကာကွယ်နိုင်စွမ်းရှိတဲ့ ရိုင်ဖယ်တပ်ခွဲတွေအပြင် အမှတ်(၃) မရိန်းကမ်းတက်တပ်ရင်းကြီးရဲ့ ဒုံးကျည်တပ်ခွဲမှာ ပင်လယ်ရေကြောင်းစစ်ဆင်ရေးတွေကို ပံ့ပိုးပေးနိုင်ဖို့ ယာဉ်တင်၊ တိကျပဲ့ထိန်းဒုံးပစ်လောင်ချာတွေ တပ်ဆင်ပေးထားပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ သင်္ဘောဖျက်ဒုံးကျည်စနစ်သည် အမေရိကန်ရေတပ်၏ အဆင့်မြင့် Naval Strike Missile (NSM) ဒုံးကျည်ကို အားဖြည့်ပေးနိုင်မည်ဖြစ်ကာ မရိန်းတပ်ဖွဲ့များ၏ ထူးခြားသော စစ်ဆင်ရေးလိုအပ်ချက်များနှင့် အလွန်ထိရောက်သော တာဝေးပစ်သင်္ဘောဖျက်တိုက်စွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ အဆိုပါ သင်္ဘောဖျက်ဒုံးကျည်စနစ်ကို NSM ရေတပ်သုံး တိုက်ခိုက်ရေးဒုံးကျည်နှင့် အကွာအဝေးစွမ်းရည်မကွာဘဲ ခန့်မှန်းခြေအားဖြင့် ၁၈၅ ကီလိုမီတာထိတိုက်ပွဲဝင်နိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ရေတပ်သုံးတိုက်ခိုက်ရေး NSM ဒုံးကျည်ကိုမူ တိကျမှုနှင့်ကိုယ်ပျောက်ပျံသန်းနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားပြီး ၎င်းသည် သင်္ဘောများကို တိကျစွာခွဲခြားသတ်မှတ်ကာ ပစ်မှတ်ထားတိုက်ခိုက်ရန် GPS လမ်းညွှန်မှုနှင့် အနီအောက်ရောင်ခြည်သုံး လမ်းကြောင်းပြစနစ်တို့ကို အသုံးပြုထားသည်။ ၎င်း၏ အထင်ရှားဆုံးသော အင်္ဂါရပ်များထဲမှ တစ်ခုမှာ ရေဒါဖြတ်ပိုင်းဧရိယာနည်းပါးခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်ပေါ်ကပ်၍ အလွန်နိမ့်ပါးစွာ ပျံသန်းနိုင်စွမ်းရှိခြင်းဖြစ်သည့်အတွက် ရန်သူ့ရေဒါများက ရှာဖွေထောက်လှမ်း၍ ကြားဖြတ်ပစ်ချရန် ပိုမိုခက်ခဲစေမည်ဖြစ်ကြောင်း သိရသည်။

NMESIS ဒုံးကျည်စနစ်ကို မရိန်းတပ်ဖွဲ့တွင် ပေါင်းစည်းနိုင်ခဲ့ခြင်းသည် အမေရိကန် မရိန်းတပ်ဖွဲ့၏ ခေတ်သစ်စစ်ပွဲအတွက် ပြောင်းလဲလာသောချဉ်းကပ်မှုကို အလေးပေးဖော်ပြလျက်ရှိသည်။

**US Marines Receive New Anti-Ship Missile System NMESIS to Enhance Sea Denial Operations** ကို ဘာသာပြန်ဆိုထားပါသည်။

## ဘင်္ဂလားဒေ့ရှ်က အိန္ဒိယနယ်စပ်အနီးတွင် တူကီယဲထုတ် UAV များကို ဖြန့်ကြက်ချထားကြောင်း အိန္ဒိယအစိုးရက ထုတ်ပြန်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တူကီယဲနိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်(UAV) များကို ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် အနောက်ဘင်္ဂေါပြည်နယ်အနီးတွင် ဖြန့်ကြက်ချထားကြောင်း အိန္ဒိယအစိုးရက ထုတ်ပြန်ထားသည်ဟု India Today သတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Sheikh Hasina ၏ အဝါမီလိဂ်အစိုးရပြုတ်ကျသွားပြီးနောက် နယ်စပ်ဒေသများတွင် အကြမ်းဖက်လှုပ်ရှားမှုများ တိုးမြင့်လာမှုကို ညွှန်ပြလျက်ရှိပြီး ယခုကဲ့သို့ UAV ဖြင့် ကင်းထောက်ခြင်း လုပ်ဆောင်ချက်သတင်းများ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံ နယ်စပ်အနီးရှိ Bayraktar TB2 မောင်းသူမဲ့လေယာဉ် (UAV)များ ဖြန့်ကြက်မှုဆိုင်ရာ အစီရင်ခံချက်များအပေါ် အိန္ဒိယတပ်မတော်က စစ်ဆေးနေကြောင်း သိရသည်။

အဆိုပါ UAV များကို ဘင်္ဂလားဒေ့ရှ်တပ်မတော် ကြည်းတပ်ရှိ အမှတ်(၆၇) တပ်တော်တွင် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်တာဝန်များအတွက် တပ်တော်ဝင်အသုံးပြုလျက်ရှိကြသည်။ ဘင်္ဂလားဒေ့ရှ်၏ ဖြန့်ကြက်ချထားမှုသည် ကာကွယ်ရေး(ခံစစ်)သီးသန့် ရည်ရွယ်ချက်အတွက်ဖြစ်သည်ဟု အခိုင်အမာဆိုသော်လည်း ထိလွယ်ရှလွယ်ဒေသတစ်ခုတွင် ထိုကဲ့သို့သော အဆင့်မြင့်ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များ(Drones၊ UAVs)ကိုနေရာချထားခြင်း၏ မဟာဗျူဟာမြောက် အရေးပါမှုကို အိန္ဒိယနိုင်ငံဘက်က လျစ်လျူရှုထား၍ မရပေ။

Sheikh Hasina ၏ ရာထူးသက်တမ်းအတွင်း ဖိနှိပ်ခံခဲ့ရသော အစွန်းရောက်စစ်သွေးကြွများသည် အိန္ဒိယနယ်စပ်အနီးရှိဒေသများတွင် ခြေကုပ်ယူလာကြောင်း ထောက်လှမ်းရေးသတင်းများက ထည့်သွင်း အစီအရင်ခံ ဖော်ပြထားကြသည်။ အကြမ်းဖက်အဖွဲ့များနှင့် လူမှောင်ခိုကွန်ရက်များသည် ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုကို အခွင့်ကောင်းယူကာ အိန္ဒိယနိုင်ငံဘက်သို့ စိမ့်ဝင်ထိုးဖောက်ရန် ကြိုးပမ်းနေကြသည်ဟု သိရသည်။

Hasina ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် နယ်စပ်ဒေသများတွင် အိန္ဒိယဆန့်ကျင်ရေးအင်အားစုများ တစ်ဟုန်ထိုးမြင့်တက်လာသည်ကို မြင်တွေ့ခဲ့ကြရသည်။ နိုင်ငံရေးမတည်မငြိမ်မှုနှင့် အဆင့်မြင့် UAV များ အိန္ဒိယနယ်စပ်အနီးတွင် ဖြန့်ကြက်ချထားလာမှုမှာ ပိုမိုသတိထားရန် လိုအပ်သည်ဟု အိန္ဒိယတပ်မတော် အကြီးတန်း ထောက်လှမ်းရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။



အိန္ဒိယတပ်မတော်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မငြိမ်မသက်ဖြစ်မှုများကြားတွင် တပ်လှန့်သတိပေးထားရှိပြီး ယခုကဲ့သို့ မောင်းသူမဲ့လေယာဉ်များဖြင့် ကင်းထောက်ရန် ဖြန့်ကြက်ချထားလာမှုများအပေါ် အနီးကပ်စောင့်ကြည့်အကဲဖြတ်လျက်ရှိသည်။ အိန္ဒိယတပ်မတော်အနေဖြင့် Heron TP ကဲ့သို့ UAV များကို တန်ပြန် ဖြန့်ကြက်ချထားသွားရန်နှင့် ထိလွယ်ရှလွယ်ဒေသများတွင် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး၊ စစ်ဆင်ရေးများကို အရှိန်မြှင့်လုပ်ဆောင်ရန် စီစဉ်ထားပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် အခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး နယ်စပ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သလို တန်ပြန်အရေးယူမှုများ ပြုလုပ်သွားမည်ဟု အကြီးတန်းကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပကတိအခြေအနေမှန်ကိုသိရှိထားနိုင်ရန် နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်၍ ထောက်လှမ်းရေးသတင်းအချက်အလက်များ မျှဝေလက်ခံရရှိလျက်ရှိကြောင်း India Today သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**Bangladesh deploys Turkish drones near border, India on high alert: Sources** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဒေသထွက်နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ရေကြည်ဒီဇင်ဘာ ၇**

ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် သစ်သီးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နဂါးမောက်သီးအလုံးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာလ ၁ ရက် မှ ၃၀ ရက်ထိ နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးသည့် နဂါးမောက်သီးများ ထွက်ရှိကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေထွက်တဲ့ နဂါးမောက်သီးအလုံးရေတော်တော်များများ နိုဝင်ဘာလထဲမှာ ရန်ကုန်ဈေးကွက်ကို တင်ပို့ခဲ့ပါတယ်။ ရေကြည်မြို့နယ်မှာ အဓိက စိုက်ပျိုးထုတ်လုပ်တဲ့ နဂါးမောက်သီးတွေကဈေးကွက်မှာလဲ ရောင်းပန်းလှသလို ဝယ်ယူသူတွေကလဲ ကြိုက်နှစ်သက်ပါတယ်။ လက်ရှိ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု ရေကြည်မြို့နယ် သစ်သီးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် တင်ပို့ရောင်းချခဲ့သည့် နဂါးမောက်သီး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၂၂၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် စိုက်ပျိုးသူများ၊ လုပ်သားများပါ အဆင်ပြေနေကြောင်း ရေကြည်မြို့နယ် သစ်သီးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ဖူးစားပြောင်းဧက၄၅၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၄၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်မှာ ဖူးစားပြောင်းဧက ၄၅၄၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၂၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်စေဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေကိုဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ဇရုတ်ပိုးသတ်ဆေးအသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။



အရာတော်မြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးရာ၌ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ၅ သိန်း ကျော် ကုန်ကျစရိတ်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ကညင်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက်တွင် အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အသင်းဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကညင်ချောင်ကျေးရွာရှိ ဆီထွက်သီးနှံဖြစ်သော မြေပဲစိုက်တောင်သူ ၆၅ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အဆောက်အအုံအကြီးစားပြင်ဆင်မှုကို စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အဆောက်အအုံအကြီးစားပြုပြင်နေမှုနှင့် ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေး အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) လသာလမ်းအဆောက်အအုံတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အအုံဦးစီးဌာနမှ တာဝန်ရှိသူများက အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအကြီးစားပြင်ဆင်မှုကို စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ မူလပုံစံမပျက်စေဘဲ စနစ်တကျပြုပြင်ဆောင်ရွက်ရန် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအဆောက်အအုံသို့ရောက်ရှိပြီး ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ရောက်ရှိပြီး မော်ကွန်းပြခန်း၊ သုတေသီဝန်ဆောင်မှုအခန်း၊ မော်ကွန်း၊ မှတ်တမ်းအခန်းများ၊ Digitization အခန်း၊ MicroFilm ရိုက်ကူးခန်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခန်းနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ရုံးခွဲမှ ဝန်ထမ်းများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဌာနဆိုင်ရာအကြီးအကဲများ၊ ဦးစီးဌာနများမှ တိုင်းဒေသကြီး တာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ဌာနများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ရှေ့ဖုံးမှအဆက်

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲ**အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ**အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း(၃)၊(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ**အုပ်စုပတ်လည်ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။



**ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ**ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုးနှစ်ဂိုး၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး သုံးဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ကိုးဂိုး သုံးဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ** ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ကျင်းပရာ အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊အမျိုးသမီးကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။



**ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ**အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ**အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းမြားပစ်ကွင်း(၁/၂)၌ ကျင်းပရာ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆၇ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ငါးယောက်အသာ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခြောက်ယောက်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၁၁၁ မှတ်အသာဖြင့်

# သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်



နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီရှိပြီး တည်ထောင်ခွင့်စိစစ်ဆဲပါတီအနေဖြင့် တစ်ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သည့် နေ့ရက်အတွင်း ပါတီဝင်အင်အား ပြည့်မီရေးနှင့် ပါတီရုံးခန်းများ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်နိုင်ရေးတို့ကို သတ်မှတ်ကာလအတွင်း သတ်မှတ်အရေအတွက်ပြည့်မီရေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်း၊ ပါတီအလံလွှင့်ထူခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများမှလွဲပြီး အခြားအဆောက်အအုံများတွင် သက်ဆိုင်ရာ ဒေသန္တရအဖွဲ့အစည်းများ၏ စည်းကမ်းများနှင့်အညီ ရုံးခန်းဖွင့်လှစ်ရန်နှင့် ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်း မပြုလုပ်မီ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အသိပေးရန် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီတွင်းနှင့် ပါတီပြင်ပစည်းရုံးရေးဆောင်ရွက်မှုကို မှတ်ပုံတင်ခွင့်ရရှိပြီးသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုအကျိုး၊ ဒေသအကျိုးများကို တတ်နိုင်သမျှစည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာခွင့်နှင့် စပ်လျဉ်း၍ ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်ခွင့်မပြုဘဲ လေ့လာခွင့်သာပြုခဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့်အချက် ၁၃ ချက်အနက် လေ့လာခွင့်မပြုခဲ့သည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ စောင့်ကြည့်လေ့လာခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ခြင်းတို့ကို စောင့်ကြည့်လေ့လာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း စသည့်အချက်များကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတိုင်း ပြန်လည်ထည့်သွင်းပြီး စောင့်ကြည့်လေ့လာခွင့် စံနှုန်းနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာစကား ငါးမျိုးဖြင့်ဖတ်ရှုနိုင်သည့် Website ကို နိုဝင်ဘာ ၂၂ရက်တွင် လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ Website တွင် Mobile Application ကိုလည်း Download ရယူနိုင်ကြောင်း၊Soft Copy များကို နိုင်ငံရေးပါတီများသို့လည်း ဖြန့်ဝေထားကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကိုဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိက္ခာရှိသောလွှတ်တော်ဖြစ်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းရှိသော ကိုယ်စားလှယ်များဖြစ်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရန်လိုကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






လည်းကောင်း၊အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးယောက်အသာ၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ခြောက်ယောက်အသာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ယောက်အသာ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို တစ်ယောက်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပွဲ**ကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ(အကျောမဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ(အကျောပေး)၊ အသင်းလိုက်ပြိုင်ပွဲ(အကျောမဲ့)နှင့် အသင်းလိုက်ပြိုင်ပွဲ(အကျောပေး)ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေနေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအမျိုးသား၊ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းလက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ရခိုင်ပြည်နယ်မှ ကျော်စွာမင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးက မကွေးတိုင်းဒေသကြီးမှ လဝန်းအောင်ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်မွှောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အာကာဖြိုးဝေကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောလှဟန်အေးက မန္တလေးတိုင်းဒေသကြီးမှ ရဲမင်းနိုင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက တနင်္သာရီတိုင်းဒေသကြီးမှ သက်ကျော်ထွေးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ထွန်းထွန်းဝင်းက မွန်ပြည်နယ်မှ ဇင်မင်းအောင်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ သူရဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ခိုင်မြင့်အောင်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ရန်ကုန်တိုင်းဒေသကြီးမှ အံ့ထူးနိုင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျန်ဆန်က မကွေးတိုင်းဒေသကြီးမှ သာလင်းထက်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ဧရာဝတီတိုင်းဒေသကြီးမှ ငြိမ်းပြည့်စုံကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းငယ်ငယ်ထူးကိုလည်းကောင်း၊ မွန်ပြည်နယ်မှ ကြည်လဲ့လဲ့ဦးက ကရင်ပြည်နယ်မှ ပပဝင်းကိုလည်းကောင်း၊အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ဧရာဝတီတိုင်းဒေသကြီးမှ နော်သီရိစန္ဒာကိုလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ကရင်ပြည်နယ်မှ နန်းအေးသန္တာအောင်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းက မွန်ပြည်နယ်မှ ငြိမ်းအေးသူကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှန်းဒိတ်ဆန်က မန္တလေးတိုင်းဒေသကြီးမှ အိအိထွေးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုနွယ်က တနင်္သာရီတိုင်းဒေသကြီးမှ မာလာစိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဆုတံဆိပ်များရရှိမှုအနေဖြင့် **ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲ**များတွင် စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ တစ်ခု၊ မွန်ပြည်နယ်က ရွှေ တစ်ခု၊ ကရင်ပြည်နယ်က ငွေ တစ်ခု၊ ရခိုင်ပြည်နယ်အသင်းက ငွေ တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ကြေး တစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးက ကြေး တစ်ခု၊ **မသန်စွမ်းအားကစားနည်းပြိုင်ပွဲ**များတွင် ဧရာဝတီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေ ငါးခု၊ ကြေး လေးခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ ရှစ်ခု၊ ငွေ ငါးခု ၊ ကြေး ခုနစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေ ခုနစ်ခု၊ ငွေ ခုနစ်ခု၊ ကြေး ငါးခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေ လေးခု၊ ငွေ ကိုးခု ၊ ကြေး ၁၁ ခု၊ မွန်ပြည်နယ်က ရွှေ လေးခု၊ ငွေ ခုနစ်ခု၊ ကြေး လေးခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်က ရွှေ လေးခု၊ ငွေ ငါးခု၊ ကြေး ခြောက်ခုတို့ကို ဆွတ်ခူးရရှိထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၇

တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အဖွဲ့ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက နယ်မြေဒေသအခြေအနေအရ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့နှင့်အဖွဲ့ခွဲများ၏ အဓိကလုပ်ငန်းဖြစ်သော ပြည်သူတို့၏တိုင်ကြားစာများကို စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တတ်နိုင်သမျှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဖွဲ့ခွဲများအနေဖြင့် ပြည်သူများအသိပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဥပဒေအသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို တတ်နိုင်သမျှဆောင်ရွက်ပေးစေလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသူများက မိမိတို့အဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရာတွင် ပြည်သူများ၏ ဥပဒေရေးရာနစ်နာမှုများနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေရှိအောင်မည်သို့ ဆက်လက်လုပ်ဆောင်ကြမည်ကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရားမျှတမှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း ပါဝင်လျက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြောင်း၊ အဆိုပါကော်မတီနှစ်ရပ်မှ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကြံပြုချက်များ၊ ဥပဒေအသိပညာပေးဆွေးနွေးပွဲများကျင်းပမည့်အစီအစဉ်များနှင့်ပြည်သူလူထု၏ယုံကြည်ကိုးစားမှုရရှိအောင်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး၊ပြည်နယ်တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများမှအဖွဲ့ဝင်များကလည်း အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တည်ထောင်ပြီးစက်မှုဇုန်များ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်း တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၇

တည်ထောင်ပြီးစက်မှုဇုန်များ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်း တစ်ပြေးညီ သတ်မှတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဆေးဝါးသမိုင်းပြခန်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုနှစ် မေ ၂၉ ရက်တွင် ပြုလုပ်သည့် ဗဟိုကော်မတီ(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အရ “ဒေသဆိုင်ရာစက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီများ”ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေတို့တွင်တည်ထောင်ပြီး စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းခွဲခြားသတ်မှတ်ပြီး စက်မှုဇုန်အဖြစ်ပြန်လည်ကြေညာရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ထို့သို့တည်ထောင်ပြီးစက်မှုဇုန်များကို စက်မှုဇုန်အသစ်အဖြစ်ပြန်လည်ကြေညာနိုင်ရန်အတွက် စက်မှုဇုန်များ၏မြေပြင်ပကတိအခြေအနေကိုမဖြစ်မနေစိစစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဗဟိုကော်မတီ(၁/၂၀၂၄)အစည်းအဝေးတွင် “စက်မှုဇုန်များ၏ မြေပြင်အခြေအနေကိုသိရှိနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တည်ထောင်ပြီး စက်မှုဇုန်များကိုအပြန်အလှန်စစ်ဆေးရန် (Cross-Check)” ဆုံးဖြတ်ခဲ့ကြောင်း။

ထို့ကြောင့် တည်ထောင်ပြီးစက်မှုဇုန်များ၏ မြေပြင်ပကတိအခြေအနေများကို သိရှိစေရန်၊ စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစား၊အဆင့်အတန်းကိုတစ်ပြေးညီ သတ်မှတ်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တည်ထောင်ပြီး စက်မှုဇုန်များကို တိုင်းဒေသကြီး၊ပြည်နယ် အချင်းချင်းအပြန်အလှန်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးရမည့်အချက်အလက်များ(Check Lists) ကိုပြုစု၍ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း၊ စက်မှုဇုန်များကို အပြန်အလှန်စစ်ဆေးခြင်း လုပ်ငန်းစဉ်များကို နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်ထိ အချိန်တစ်လ သတ်မှတ်ပေးပြီး စစ်ဆေးစေခဲ့ကြောင်း၊ သက်ဆိုင်ရာစက်မှုဇုန်များမှစီမံခန့်ခွဲသူများ သိရှိ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအခြေအနေကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တည်ထောင်ပြီးစက်မှုဇုန်များအပြန်အလှန်စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးရမည့်အချက်အလက်များ(Check lists)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများက စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစားနှင့်အဆင့်အတန်း ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အပြန်အလှန် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ကြုံတွေ့ရသည့်အခက်အခဲများကိုဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆွေးနွေး၍ ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် တောင်ဒဂုံမြို့နယ်ရှိ အမှတ် (၂၄) အကြီးစားစက်ရုံ(ဒဂုံ)သို့ရောက်ရှိပြီး Golden Ther-aprage Co.,Ltd၏ဂျင်းဘောင်းဘီအမျိုးမျိုး ချုပ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် ဒီဇင်ဘာ ၇

မနက်ဖြန်မွန်းတည့်ချိန်ထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။ (မိုး/ဇလ)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိ လောကသရဖူစေတီတော်နှင့် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည်ညို

မန္တလေး ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေရှိ လောကသရဖူစေတီတော်နှင့်အမရပူရမြို့နယ်ရှိရတနာပုဏ္ဏာဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)သို့သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တံတားဦးခရိုင် အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေရှိ လောကသရဖူစေတီတော်သို့ရောက်ရှိပြီး အရှေ့ဘက်ဂန္ဓကုဋိတိုက်အတွင်း တန်ချိန် ၄၉၀ ဒသမ ၃၆ တန်ရှိ တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေကြီးအောက်တစ်ဝက် မြေကြီးပေါ်တစ်ဝက်စိုက်ထူပြီး ဉာဏ်တော်အမြင့် ၁၈ တောင်နှင့် တစ်မိုက် ထုဆစ်ပူဇော်ထားသည့် ရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့ထံ အလှူငွေလှူဒါန်း၍ ဂန္ဓကုဋိတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအား ဖူးမြော်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါနယ်မြေဇုန်အတွင်းရှိ မဟာဇေယျပထတံတား(ခ)ဦးအိုအုတ်လမ်းသို့ရောက်ရှိပြီး ကြွင်းကျန်နေသော ပေ ၂၆၀၀ ကျော်၏ လက်ရှိပျက်စီးနေမှုအခြေအနေကို ပြန်လည်ပြုပြင်ရန်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏာဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ရောက်ရှိပြီး ဂန္ဓကုဋိတိုက်တော်အတွင်း ပူဇော်ထားသည့်စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ထံအလှူငွေများ လှူဒါန်းပြီး ဂန္ဓကုဋိတိုက်တော်အတွင်းလှည့်လည်ကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စွယ်တော်မြတ်စေတီတော်ပရိဝုဏ်အစဉ်အမြဲသန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေးအလေးထားဆောင်ရွက်ရန်ကို တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



## ❑ အသိပေးသတင်းထုတ်ပြန်ချက်မှ

စုစုပေါင်းငွေကျပ် ၄၆၆ ဘီလီယံကျော်ပျက်စီးဆုံးရှုံးခဲ့ရသည်။ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့ကအများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်က ဒုတိယဖြစ်သည်။

၂၀၂၃ ခုနှစ် မေလအတွင်းဖြစ်ပွားခဲ့သော မိုခါမုန်တိုင်း၏ ပြင်းထန်သည့်အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့ရာ အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ဘီလီယံ ၁၀၀ ကျော်၊ လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၄၃၃ ဘီလီယံကျော် စုစုပေါင်း ငွေကျပ် ၅၃၄ ဘီလီယံကျော် ဆုံးရှုံးခဲ့ရသည်။ မိုခါမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ဝင်ရောက်ခြင်းဖြစ်၍ ပျက်စီးဆုံးရှုံးမှုများ၏ ၉၈% ခန့်မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

| မုန်တိုင်း | တိုင်းဒေသကြီး/ပြည်နယ် | အစိုးရကဏ္ဍ | လူမှုရေးကဏ္ဍ | စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ရာဂီ | ၈ | ၂၄၄၄၄၁.၀၄၁ | ၂၂၁၇၉၀.၇၃၃ | ၄၆၆၂၃၁.၇၇၄ |
| မိုခါ | ၁၃ | ၁၀၀၇၆၀.၆၅၈ | ၄၃၃၃၈၅.၃၇၉ | ၅၃၄၁၄၆.၀၃၇ |

ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်မှပံ့ပိုးကူညီပေးလျက်ရှိရာ ရေဘေးစတင်ဖြစ်ပွားသည်မှ ၂၀-၁၁-၂၀၂၄ ရက်ထိ ရေဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့်အရေးပေါ် စားနပ်ရိက္ခာများထောက်ပံ့မှုအတွက် ငွေကျပ် ၅ ဒသမ ၂၃ဘီလီယံကျော်၊ သေဆုံးသွားသူများ၏ မိသားစုများကို ထောက်ပံ့မှုအတွက် ငွေကျပ် ၄၄၆ ဒသမ ၈၀၀သန်းကျော်၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ငွေကျပ်၂၀ ဒသမ ၅၀၆ ဘီလီယံကျော်၊ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့၊ သွင်းအားစု၊ အိမ်မွေးနှင့်လယ်ယာသုံးတိရစ္ဆာန်များ ထောက်ပံ့မှု ငွေကျပ် ၄ ဒသမ ၇၃၂ ဘီလီယံကျော်အပါအဝင် စုစုပေါင်းငွေကျပ် ၃၀ ဒသမ ၇၇၉ ဘီလီယံကျော်ကို ထောက်ပံ့ထားပြီးဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက်အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်း ၁၅၀၀ကျော်ကို တစ်လအတွင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လမ်းပျက်စီးမှု၏ ၇၃ ဒသမ ၂၃ ရာခိုင်နှုန်း၊ တံတားပျက်စီးမှု၏ ၄၁ ဒသမ ၉၂ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက်ပျက်စီးမှု၏ ၆၇ ဒသမ ၃၅ ရာခိုင်နှုန်းပြုပြင်ပြီးဖြစ်ပါသည်။ မိုးစပါးပျက်စီးကေများအနက် ပြန်လည်စိုက်ပျိုးရန်လျာထားမှု၏ ၇၃ ဒသမ ၇၅ ရာခိုင်နှုန်းပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းလွှမ်းခြုံနိုင်ခဲ့ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သတ်မှတ်ကာလဖြစ်သည့် ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေး အရှိန်အဟုန်ဖြင့်ကဏ္ဍအဖွဲ့အစည်းအလိုက်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

နောက်ဆက်တွဲ(က)

ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု ရာဂီ အရေအတွက် | ထိခိုက်ပျက်စီးမှု ရာဂီ တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ(လမ်း/တံတား) | | ၂၀၂၆ | ၉၈,၈၁၃.၆၁၉ |
| ၈ | အခြေခံအဆောက်အဦ (ဆည်မြောင်း/တာ/တမံ) | | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း (ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ) | | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ကေ | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | | |
| | | ကန် | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | ၅၈ | ၂၄၅.၃၇၀ |
| | စုစုပေါင်း | | | ၄၆၆,၂၃၁.၇၇၄ |

မှတ်ချက်။ ကနဦးလုပ်ငန်းကော်မတီမှ (၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

နောက်ဆက်တွဲ(ခ)

မိုခါနှင့် ရာဂီမုန်တိုင်းတို့ကြောင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုနှိုင်းယှဉ်ပြဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု မိုခါ အရေအတွက် | ထိခိုက်ပျက်စီးမှု မိုခါ တန်ဖိုး (ကျပ်သန်း) | ထိခိုက်ပျက်စီးမှု ရာဂီ အရေအတွက် | ထိခိုက်ပျက်စီးမှု ရာဂီ တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၁၃ | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၂၇၃၆၅၇ | ၃၆၄,၀၁၇.၄၆၅ | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၆၃၀၃၅၂ | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၂၈၈၇၇၆၈ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၁၅၆ | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၆၆၂ | ၂၀,၇၃၉.၁၉၃ | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ(လမ်း/တံတား) | | ၂၁၃ | ၄,၄၅၆.၀၈၇ | ၂၀၂၆ | ၉၈,၈၁၃.၆၁၉ |
| ၈ | အခြေခံအဆောက်အဦ (ဆည်မြောင်း/တာ/တမံ) | | ၃၆၅ | ၇,၈၇၅.၅၉၀ | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၁၈၉၄ | ၃၂,၅၃၀.၈၀၀ | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၅၇၄ | ၆,၄၀၇.၆၂၈ | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၇၈၂၁ | ၃,၆၂၆.၀၀၇ | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၆၃၁ | ၂၅,၁၂၅.၃၅၄ | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း (ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ) | | ၄၅၂၆ | ၁၈,၇၅၆.၉၃၂ | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ကေ | ၁၂၄၇၁၂.၉၉ | ၁၃,၁၈၆.၁၄၅ | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | ၅၅၇၂၈.၀၀ | | | |
| | | ကန် | ၃၄.၀၀ | | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၁၇၈၀၃၂ | ၁၅,၈၆၆.၄၆၁ | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၁၇၆၀ | ၂၁,၅၅၈.၃၇၆ | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | | | ၅၈ | ၂၄၅.၃၇၀ |
| | စုစုပေါင်း | | | ၅၃၄,၁၄၆.၀၃၇ | | ၄၆၆,၂၃၁.၇၇၄ |

မှတ်ချက်။ ကနဦးလုပ်ငန်းကော်မတီမှ (၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

# ကျိုင်းတုံမြို့၏ ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကျောက်တိုင်အဝိုင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၁၂၅၂ ဦးခန့်သည် ကျိုင်းတုံမြို့ကျောက်တိုင်အဝိုင်းမှ ကျိုင်းတုံ-တောင်ကြီးလမ်းအတိုင်း နောင်တုံကန်ပတ်၍ မဟာမြတ်မုနိဘုရားအဝိုင်းမှကျိုင်းတုံမြို့နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက်ကျိုင်းတုံမြို့နယ်အားကစားကွင်းတွင် စုပေါင်းကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ကြပြီး စုပေါင်းလမ်းလျှောက်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကျိုင်းတုံမြို့၏ ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပစဉ်။

# စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်စိုးမြတ်ထွန်း၊ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်၊ စစ်တက္ကသိုလ်မှပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။



စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပစဉ်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၄၇ ဦး၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ရှစ်ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၁၅ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၁၃၂ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၅၄ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၅၂ ဦး စုစုပေါင်း ၃၀၈ဦးတို့ကို ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများကို ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ၡင်းနောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၀၃ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC)၏ အကြိမ်(၂၀)မြောက် အကြီးအမှူးများအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၇**

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN Parties Against Corruption–ASEAN–PAC)၏ အကြိမ်(၂၀)မြောက် အကြီးအမှူးများ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်ထိကျင်းပခဲ့ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အစည်းအဝေးတွင် လာအိုနိုင်ငံအစိုးရစုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ H. E. Khamphan PHOMMATHATH နှင့် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ H.E. Alexander Marwataတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် (၁၉)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၂၃-၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ၂၀၂၆-၂၀၂၈ ခုနှစ်လုပ်ငန်းအစီအစဉ်ရေးဆွဲချမှတ်နိုင်ရေး၊(၂၁)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို အိမ်ရှင်အဖြစ်မလေးရှားနိုင်ငံ၌ ကျင်းပနိုင်ရေးနှင့် "အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး"ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံအတွင်းရေးမှူးရုံးကိုယ်စားလှယ်က အာဆီယံဒေသအတွင်း ASEAN–PAC ၏ပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရေး၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(United Nations Office on Drugs and Crime–UNODC) ကိုယ်စားလှယ်က ASEAN–PAC အဖွဲ့ဝင်နိုင်ငံများ၏ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Conventionagainst Corruption–UNCAC)အကောင်အထည်ဖော်ဆောင်မှုတို့ကို ဆွေးနွေးကြပြီး အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (Corruption Eradication Commission–KPK)နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)တို့ ပူးပေါင်းကျင်းပသည့် ASEAN–PAC အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၂၄ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာရုပ်ရှင်ပြပွဲ(Anti–Corruption Film Festival 2024) သို့တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အများပြည်သူဆိုင်ရာအသိပညာပေးမှုနှင့် အများပြည်သူက ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုအလေးထားဆွေးနွေးပြီး အသိပညာပေးအစီအစဉ်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit–CPU)များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP)ဆောင်ရွက်နေမှု၊ နိုင်ငံ့ဘဏ္ဍာပြန်လည်ရယူနိုင်ရန် ဦးတည်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေမှု၊ သတင်းပေးသူ အကာအကွယ်ပေးရေး ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်နေမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)







# မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံ ပြည်သူများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ချမ်းမြသာစည်မြောက်ရပ်ကွက်ရှိ မိုးထားကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၁၁၀ နှင့် ဒေသခံပြည်သူ ၁၂၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက် ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သွားရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့်ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရားမဝင်စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









နေပြည်တော် ဒီဇင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၂၅၈၈၀၄၇ ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၈၆၀၄၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၈၂၇၄၀၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှမုံရွာမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၄၅၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Kyaw Kyar Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၅၄၈၅၆ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀ ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ရွာရှည်ရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၄၇၇၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၉၇၆၇၈ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၆၇၅၀၃၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၉)၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၅၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၉၉၉၁၂ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိနိုင်ခြင်းနှင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး



နေပြည်တော် ဒီဇင်ဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပေါင်းလင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေဧက ၂၀ အတွက် ရာသီမရွေးစိုက်ပျိုးရေလုံလောက်စွာရရှိလာမည်ဖြစ်ပြီး ယခင်က စပါးနှင့် ပြောင်းကို မိုးရာသီကာလတွင်သာ စိုက်ပျိုးနိုင်ခဲ့သော်လည်းယခုအခါ ဆောင်းသီးနှံဖြစ်သည့် နေကြာ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊အာလူးနှင့်လိမ္မော်တို့ကို သီးထပ်သီးညှပ်အနေဖြင့် စိုက်ပျိုးလာနိုင်မည်ဖြစ်၍ ဒေသခံများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်ကာ လူမှုဘဝဖွံ့ဖြိုးရေးအတွက်အထောက်အကူဖြစ်လာမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ယခုကဲ့သို့ ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေရရှိရေးဆောင်ရွက်ပေးခြင်းကို ဒေသခံပြည်သူလူထုနှင့် တောင်သူများက များစွာဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး ရေရှည်တည်တံ့ အကျိုးရှိစေရေးအတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန် ကျေးရွာတာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အတွင်းဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မဟုန်လွယ်ကျေးရွာအနီးတွင် အိုက်ခေး မောင်းနှင်လာသည့် HILUX REVO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို တာချီလိတ်မြို့နယ်မှ မိုင်းဆတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



ပြစ်မှုကျူးလွန်သူကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်



**အော့တဝါ ဒီဇင်ဘာ ၇**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ဒီဇင်ဘာ ၆ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှု စတင်ဖြစ်ပွားနေသည့်ဒေသမှာ ဗန်ကူးဗားမြို့နှင့် အက်ဘ်ဘော့တ်စ်ဖို့ထ်မြို့တို့ဖြစ်ပြီး အဆိုပါမြို့များရှိလမ်းမကြီးတချို့မှာ ရေလွှမ်းကာ မော်တော်ယာဉ်များ သွားလာ၍မရတော့သည့်အခြေအနေဖြစ်နေကြောင်း၊ မိုးရေချိန်သည် မီလီမီတာ ၅၀ မှ မီလီမီတာ ၇၀ ထိ မြင့်တက်ခဲ့ပြီး အချို့နေရာအတွင်း ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ခဲ့ရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဗြိတိသျှကိုလံဘီယာပြည်နယ်ရှိ ကမ်းခြေများတွင် ရေပမာဏမြင့်တက်နေပြီး အက်ဘ်ဘော့တ်စ်ဖို့ထ်မြို့၏ ကုန်းနိမ့်ပိုင်းနေရာများတွင် ဒေသခံများအတွက်အန္တရာယ်ရှိနိုင်သည့် ရေကြီးရေလျှံမှုဖြစ်ပွားလာနိုင်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးသွားခဲ့သည်။

"ဗြိတိသျှ ကိုလံဘီယာပြည်နယ် ကမ်းခြေတစ်လျှောက်မှာ ဆိုးရွားတဲ့ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၅၀ ကနေ မီလီမီတာ ၇၀ ထိ မြင့်တက်နေတဲ့အတွက် အချိန်တိုအတွင်း လမ်းမကြီးတချို့ ရေလွှမ်းနေတာ ဖြစ်ပါတယ်။ လောလောဆယ် ရေလွှမ်းနေတဲ့လမ်းတွေကိုပိတ်ထားတာမရှိသေးပါဘူး"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မြောက်အိုင်ယာလန်နိုင်ငံတွင် လေပြင်းမုန်တိုင်း အန္တရာယ်သတိပေးချက် ထုတ်ပြန်

**ဒဗ်လင် ဒီဇင်ဘာ ၇**

မြောက်အိုင်ယာလန်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း လေပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မည်ဖြစ်ပြီး လေပြင်းမုန်တိုင်းဖြတ်သန်းဖွယ်ရှိနေသည့် လမ်းကြောင်းကို Met Office က ဒီဇင်ဘာ ၅ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

လေပြင်းမုန်တိုင်း ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ကြီးမားသည့်ပျက်စီးမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး လေပြင်းမုန်တိုင်း ဝင်ရောက်မည့် လက္ခဏာအဖြစ် နေရာအနှံ့အပြားတွင် ဒီဇင်ဘာ ၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေကြောင်း၊ မိုးရွာသွန်းမှုကိုလည်း အဝါရောင်အဆင့် သတိပေးချက် သတ်မှတ်ထားပြီး မြောက်အိုင်ယာလန်နိုင်ငံ၏ ကမ်းခြေများတွင် ရေပမာဏမြင့်တက်လျက်ရှိကာ ရေကြီးရေလျှံမှုဖြစ်ပွားနိုင်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

"မြောက်အိုင်ယာလန်နိုင်ငံရဲ့ မြောက်ဘက်ပိုင်း ဒေသတွေကို လေပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေပါတယ်။ လေပြင်းမုန်တိုင်းအသွင်ကနေ မုန်တိုင်းအသွင် ကူးပြောင်းနိုင်ပြီးတော့ မြောက်ဘက်ပိုင်း ဒေသတွေမှာ အနောက်အရပ်ကနေ အရှေ့အရပ်ကို ဦးတည်တိုက်ခတ်သွားမှာဖြစ်ပါတယ်။ လေပြင်းမုန်တိုင်းဟာ တစ်နာရီကို မိုင် ၈၀ နှုန်းလောက်နဲ့ တိုက်ခတ်နိုင်ပြီး ကုန်းတွင်းပိုင်းမှာတော့ လေပြင်းမုန်တိုင်းက တစ်နာရီကို မိုင် ၆၀ ကနေ မိုင် ၇၀ နှုန်းနဲ့ တိုက်ခတ်နိုင်ပါတယ်။ လက်ရှိမှာလဲ နေရာအနှံ့မိုးရွာသွန်းနေပြီးတော့ မိုးရွာသွန်းမှုကိုလဲ အဝါရောင်အဆင့် သတိပေးချက် သတ်မှတ်ထားပါတယ်"ဟု Met Office မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# နယ်သာလန်နိုင်ငံအစိုးရက အသံညစ်ညမ်းမှုလျှော့ချရန် ဆူညံသံအများဆုံးဖြစ်စေသည့် စခီပေါလေဆိပ်၏လေယာဉ်ခရီးစဉ်များကို လျှော့ချခဲ့

**အမ်စတာဒမ် ဒီဇင်ဘာ ၇**

နယ်သာလန်နိုင်ငံ တရားရုံးက အသံညစ်ညမ်းမှုလျှော့ချရန် ဆူညံသံအများဆုံးဖြစ်စေသည့် စခီပေါလေဆိပ်၏ လေယာဉ်ခရီးစဉ်များကို လျှော့ချရန်အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံအစိုးရက စခီပေါလေဆိပ်၏ တစ်နှစ်တာလေယာဉ်ခရီးစဉ်များထဲမှ လေယာဉ်ခရီးစဉ်ပေါင်း ၄၇၈၀၀၀ ကိုလျှော့ချခဲ့သည်ဟု ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

နယ်သာလန် အစိုးရသည် အမ်စတာဒမ်မြို့ရှိ စခီပေါလေဆိပ်၏ တစ်နှစ်တာလေယာဉ်ခရီးစဉ်များထဲမှ လေယာဉ်ခရီးစဉ်ပေါင်း ၄၇၈၀၀၀ ကို ကန့်သတ်ခဲ့ကြောင်း၊ အဆိုပါလေယာဉ်ခရီးစဉ် လျှော့ချမှုကို ၂၀၂၅ ခုနှစ်အစတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကန့်သတ်လိုက်ခြင်းကြောင့် လေဆိပ်မှထွက်သော ဆူညံသံကို လျှော့ချနိုင်မည်ဖြစ်ကာ လေဆိပ်အနီးဝန်းကျင်တွင် နေထိုင်သူများအတွက် ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများကို ရရှိစေမည်ဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံရှိ ဟီသရိုးလေဆိပ်၏ လေယာဉ်ခရီးစဉ်များကိုလည်း လျှော့ချပေးရန် နယ်သာလန်အစိုးရအဖွဲ့ဝင်ကြီးများနှင့် သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများက သက်ဆိုင်ရာ တာဝန်ရှိသူများကို တိုက်တွန်းခဲ့ကြောင်း သိရသည်။



"စခီပေါလေဆိပ်ဟာ လေယာဉ်ခရီးစဉ်အရေအတွက်ကို အမှန်တကယ်လျှော့ချခဲ့တဲ့ ပထမဆုံး လေဆိပ်ဖြစ်ပါတယ်။ ဟီသရိုး လေဆိပ်မှာလဲ လေယာဉ်ခရီးစဉ် အရေအတွက် လျှော့ကျသွားရင် လန်ဒန်မြို့နေ ပြည်သူတော်တော်များများအတွက် ဆူညံသံတွေ သက်သာရာရစေမှာပါ"ဟု သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# မာဝီကျွန်းတွင် လွန်ခဲ့သောဆယ်စုနှစ်များက မျိုးသုဉ်းခဲ့သော အာလာလာကျီးကန်းများကို သားဖောက်ကာ ပြန်လွှတ်ပေးနိုင်ခဲ့

**နယူးယောက် ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် မာဝီကျွန်းတွင် လွန်ခဲ့သော ဆယ်စုနှစ်များက မျိုးသုဉ်းသွားခဲ့သော အာလာလာကျီးကန်းများကို အောင်မြင်စွာသားဖောက်ကာ ပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာလာလာကျီးကန်းများကို ဟာဝိုင်ရီပြည်နယ်၏ အကြီးဆုံးကျွန်းများထဲမှ တစ်ခုဖြစ်သော မာဝီကျွန်းတွင် ပထမဆုံးပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းငှက်မျိုးစိတ်များသည် ၂၀၀၂ ခုနှစ်ကတည်းက မျိုးသုဉ်းသွားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ အဆိုပါငှက်မျိုးစိတ်ကို အောင်မြင်စွာသားဖောက်နိုင်ခဲ့ပြီး သားဖောက်ထားသည့်ငှက်များထဲမှ ငါးကောင်ကို မာဝီကျွန်းတွင် လွှတ်ပေးခဲ့ကြောင်း ဆန်ဒီယေဂိုမြို့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အာလာလာ ကျီးကန်းများသည် သာမန်ကျီးကန်းများထက် ဉာဏ်ရည်ထက်မြက်သော ကျီးကန်းမျိုးစိတ်ဖြစ်ကြောင်း၊ ၎င်းမျိုးစိတ်များ မျိုးသုဉ်းသွားရခြင်းမှာ နေထိုင်ရာဆုံးရှုံးခြင်း၊ အလွန်အကျွံအမဲလိုက်ခံရခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါများကြောင့်ဖြစ်ကြောင်း၊ ယခုအခါ ၎င်းတို့ကို မူလကျက်စားရာနေရာသို့ ဒီဇင်ဘာ ၆ ရက်က ပထမဆုံးအကြိမ်လွှတ်ပေးခဲ့ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ပြောကြားခဲ့သည်။

အာလာလာ ကျီးကန်းများ အောင်မြင်စွာ သားဖောက်နိုင်ခဲ့သော်လည်း လူသားများအနေဖြင့် ဝိုင်းဝန်း ထိန်းသိမ်းပေးကြမှသာ ကောင်ရေများ ပြန်လည်တိုးမြင့်ကာ ထပ်မံမျိုးသုဉ်းမသွားမည်ဖြစ်ကြောင်း ဆန်ဒီယေဂိုမြို့ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့က တိုက်တွန်းပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းတွင် ပြင်းအား ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ဘက်ပိုင်းတွင် ဒီဇင်ဘာ ၅ ရက်က ပြင်းအား ၇ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

ငလျင်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့သော်လည်း အသေးစားပျက်စီးမှုများရှိခဲ့ကြောင်း၊ ငလျင်ပြင်းအားများခဲ့သည့်အတွက် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း၊ ငလျင်လှိုင်းသည် ဖန်ဒယ်မြို့သို့ အဓိကရောက်ရှိခဲ့ပြီး စူပါမားကတ်တချို့တွင် ကုန်ပစ္စည်းပျက်စီးမှုများခဲ့ပြီး ဒေသခံ ဦးရေ ၁၄၀၀ ကျော်က ငလျင်လှုပ်ခတ်ချိန် အရေးပေါ် အမိုးအကာလွတ်သည့် နေရာများသို့ တိမ်းရှောင်ခဲ့ရကြောင်း၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် လှုပ်ခတ်ခဲ့သော ငလျင်များအနက် အားအကောင်းဆုံး ငလျင်များစာရင်းတွင် ပါဝင်ခဲ့ပြီး နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များက အသေးစားပျက်စီးမှုများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

"ငလျင်စတင်လှုပ်ခတ်ချိန်မှာ ဒေသခံတွေ အန္တရာယ်ကင်းဖို့အတွက် အမြန်ဆုံးအမိုးအကာလွတ်တဲ့နေရာကို ရှောင်တိမ်းဖို့ သတိပေးချက်တွေ အဆက်မပြတ်ထုတ်ပြန်ခဲ့ပါတယ်။ ဒေသခံတွေကလဲ အချိန်မီဘေးလွတ်ရာကို ရွှေ့ပြောင်းနိုင်ခဲ့ကြတယ်။ အသေးစားပျက်စီးမှုတွေတော့ ရှိခဲ့ပါတယ်။ စူပါမားကတ်တွေမှာတော့ ကုန်ပစ္စည်းပျက်စီးမှုတွေ များခဲ့ပါတယ်"ဟု ဖန်ဒယ်မြို့ မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာလီယာဖလောရက်စ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# ပွေအလ္ကာဝါ ရေပြာတစ်ကြောမှာလ

မောင်ခြိမ့်



"ဟုတ်ကောဟုတ်ရဲ့လားလှဆောင်ရယ် မင်းဟာက ငါဖြင့်တစ်ခါမှ ကြားလဲမကြားဖူးပါဘူး"ဟု ဖိုးနီက ကောက်ညှင်းငချိပ်ပေါင်းကို ငါးမြွေထိုးခြောက်ကြော်ဖြင့်စားနေရင်းက လှမ်း၍ပြော၏။

ဘကြီးသာကျော်၏ အိမ်မိုးသည့်မနက်ပိုင်းတွင်ဖြစ်ပါ၏။ သူတို့ရပ်ဝေလေ့ရွာဝေလေ့အတိုင်း လူငှားခေါ်စရာမလို၊ နီးစပ်ရာကာလသားများ အလုပ်အားသူများက ဝိုင်းဝန်းလုပ်ကိုင်ပေးကြသည်သာဖြစ်၏။ ဘကြီးသာကျော်၏သားက နှစ်ယောက်၊ သမက်က နှစ်ယောက်လူခံရှိပြီး ခင်ရာမင်ရာလာကူသူများက ငါးဦးခန့်ရှိသည်မို့ ဓနိ ၁၀၀၀ ကျော်မိုးရသော ဘကြီးသာကျော်၏မိသားစုများ စုပေါင်းနေထိုင်သည့်အိမ်မှာ နံနက် ၇ နာရီကစခဲ့သည်မှာ ယခု ၁၀ နာရီ ဆွမ်းခံဝင်ချိန်တွင်မူ အိမ်မကြီးကို မိုး၍ပြီးခဲ့ပြီ။ မီးဖိုချောင်ကလေးမိုးရန်နှင့် ဓနိအမိုးပေါ်မှ ကြက်နင်းဟုခေါ်သော ဝါးခြမ်းလေးကွက်ကျဲရက်ပြီး လေတိုက်၍ ဓနိမလန်စေရန် ဖိအုပ်ထားဖို့သာ လိုတော့၏။

ထိုအလုပ်ကို လူငယ်များက သူတို့ပဲဆက်လုပ်ပါမည်။ လူကြီးတွေနားကြပါဟုဆို၍ ဖိုးနီတို့၊ လှဆောင်တို့၊ ဘကြီးသာကျော်တို့တစ်တွေ အိမ်ရှေ့ကွပ်ပျစ်တွင် စားသောက်စကားစမြည်ပြောနေကြခြင်းဖြစ်တော့၏။

"ခက်ပ့ါကွာ ငါက မဟုတ်တာပြောလို့ ဘာရမှာလဲ။ ငါနဲ့အတူပါတဲ့သံချောင်းကို မေးကြည့်ကွာ မယုံရင်"

"အင်း မင်းပြောပုံအရဆိုရင်တော့ တွေးရတာခပ်ခက်ခက်ပဲဟေ့"ဟု ဘကြီးသာကျော်က တွေးတွေးဆဆ ဝင်၍ပြော၏။

"အဲဒါခက်တာပေ့ါဗျ။ ကျွန်တော်က အမှန်အတိုင်းပြောတာကို အိမ်ကမိန်းမကလဲမယုံဘူး၊ သူ့မောင်သံချောင်းကပါ ဟုတ်ပါတယ်ဝင်ကူပြောတော့လဲ ယောက်ဖဘက်တော်သားပဲ ငါမယုံဘူးတဲ့။ အခု ဖိုးနီရော ဘကြီးကပါမယုံရင် ခင်ဗျားတို့ဘာသာသွားစမ်းကြည့်ကြပေတော့ဗျာ"ဟု လှဆောင်က ဘုပြောတော့၏။

ထိုစဉ်ခိုက်တွင် ရွာထိပ်ဘက်မှလျှောက်လာသော ဦးတောကျော်က အိမ်ဝင်းထဲသို့ဝင်လာရင်း–

"ဟေ့ကောင် သာကျော်၊ မင်းအိမ်မိုးတာ ဘာဖြစ်လို့ ငါ့ကိုမပြောတာလဲ။ ဘာလဲ အရက်တိုက်ရမှာစိုးလို့မဟုတ်လား။ ဘယ်ရမလဲကွာ ကင်ပွန်းချဉ်ရွက်ခူးပြီးပြန်လာတဲ့ ငါ့မြေးက မင်းတို့အိမ်မိုးနေတာတွေ့ခဲ့တယ်ဆိုလို့ ငါလာခဲ့တာပဲကွ။ အမယ်အတော်တောင်ပြီးနေမှပဲ။ နီးတို့ဘာတို့ရောလောက်ရဲ့လား၊ လိုချင်ငါ့ပြော အိမ်မှာ ဝါးကောက်နီးအရှည်တွေ ရှိသေးတယ်"

ပြောပြောဆိုဆို ရေနွေးကြမ်းဝိုင်းသို့ဝင်ထိုင်ရင်း ငါးမြွေထိုးခြောက်ကြော်တစ်ကောင်ကို ကောက်၍စားသည်။ ထိုအခါ လှဆောင်သည် သူ့ဘက် လူကူရောက်လာသည့်နှယ် အားတက်သွားရင်း–

"သူတို့ကိုကြည့်ပြောပါအုံးဘကြီးရယ်၊ ကျွန်တော်ပြောတာ မယုံဘူးဖြစ်နေတယ်"

"မင်းက ဘာတွေပြောထားလို့ သူတို့ကမယုံတာလဲကွ။ ငါ့ကိုရှင်းရှင်းပြောစမ်းကွ" ဦးတောကျော်က ဟောက်၏။

"သည်လိုဘကြီးရေ အဖြစ်ကတော့ ပြောပဲမပြောချင်တော့ပါဘူး။ မနေ့ညက ကျွန်တော်ငါးသလောက်ပိုက်ချဖို့သွားတယ်။ ခါတိုင်းလိုက်နေကျ ပွဲ့ကိုင်ငကျော်က ဖျားနေလို့ ယောက်ဖလေး သံချောင်းကိုချော့ခေါ်သွားရတယ်။ လမ်းသမိုင်ချောင်းဝ အထွက်မြစ်မကြီးထဲမှာသွားပြီးပိုက်ချတယ်။ ပိုက်လဲချအပြီး ကျွန်တော်လဲ ပါသွားတဲ့လက်ကျန်ကလေးကို မော့ပြီး မှေးခနဲအိပ်ပျော်သွားတယ်။ ပွဲ့ကိုင်သံချောင်းကလဲ ကလေးမဟုတ်လား၊ သူလဲအိပ်တာပေ့ါ၊ ဗွမ်းခနဲဗွမ်းခနဲအသံကြီးလဲ ကြားလိုက်ရရော ဖျတ်ခနဲလန့်နိုးတော့တာပဲ၊ လှေကနေကြည့်လိုက်တော့ ဝဲဆိုင်ကြီးနားရောက်နေပြီ။ ဒါနဲ့ကပျာကသီ သံချောင်းကိုနှိုး၊ ပိုက်ကိုဖော်တော့ အလံ ၂၀ လောက်မရှိတော့ဘူး၊ ဒါနဲ့ကျွန်တော်လဲ သူခိုးများပိုက်ဖြတ်ယူသွားသလားတွေးနေတုန်း ဝဲထဲကနေ ထပြီးခုန်လိုက်တဲ့ ဖြူဖြူကြီးတွေ့ရတော့တာပဲ။ အဲဒါကြီးက ဝုန်းခနဲခုန်တက်လိုက်၊ ဗွမ်းခနဲပြန်ကျလိုက်နဲ့ နှစ်ခါသုံးခါလောက်ပေါ်ပြီး ပျောက်သွားတယ်။ ကျွန်တော်လဲ မူးနေတဲ့အရှိန်ကလေးတောင် ဘယ်ရောက်ကုန်လည်းမသိဘူး၊ ကြောက်ကြောက်နဲ့ သံချောင်းရေ မြန်မြန်ပြန်လှည့်ဟဆိုပြီး လှော်ပြေးခဲ့တာ၊ချောင်းထဲရောက်မှ အသက်ရှူနိုင်တယ်ထင်တာပဲ"

ပြောရင်းမောသွားဟန်ဖြင့် ရေနွေးတစ်ခွက်မော့၏။ အဘဦးတောကျော်က ဘာမှဝင်မမေး ဆက်ပြောလေဟူသော သဘောဖြင့်ကြည့်နေ၏။

"အဲဒီ ခုန်ခုန်တက်တဲ့ ဖြူဖြူကောင်ကြီးမှာ ဆံပင်တွေလိုလို ဘာလိုလိုဖားလျားကြီးလဲပါတယ်ဗျ"

ဦးတောကျော်က တွေတွေကြီးစဉ်းစားလျက်ရှိစဉ်–

"အဲဒါပြောတာပေ့ါအဘရဲ့ မူးကြောင်မူးကြောင်နဲ့ ထင်ရာတွေလျှောက်ပြောနေတာ၊ ရေထဲကခုန်ခုန်တက်တဲ့အကောင်မှာလဲ ဆံပင်တွေလိုလိုမည်းမည်းအရာတွေပါတယ်ဆိုပဲ ဧကန္တ ရေသူမပဲဖြစ်မယ်"

"ရေသူမဆို ငါတို့သွားဖမ်းမယ်ဟေ့၊ ဘယ်မှာလဲ"

အမိုးမိုးပြီး၍ဆင်းလာသော လူငယ်တစ်ယောက်ဝင်ပြောရင်း အနားသို့ရောက်လာ၏။

"အလကားပါအဘရာ အရက်မူးပြီး အိပ်နေလို့ ပိုက်သူခိုးက ဖြတ်ခိုးသွားတာနေမှာ၊ သူ့မိန်းမဆူမှာစိုးလို့ မဟုတ်တာတွေလျှောက်ပြောနေတာ"ဟု ဖိုးနီက ဝင်ပြောပြန်၏။

ဦးတောကျော်က ဖိုးနီကို မျက်စောင်းခဲလိုက်ရင်း "မင်းပြောတာတကယ်နော်ဟေ့ကောင်"ဟု လှဆောင်ကို မေး၏။

"တကယ်ပါအဘရယ်၊ လဆန်းခုနစ်ရက်ဆိုတော့ လရောင်နဲ့ ကျွန်တော်သေသေချာချာမြင်တာပါ။ ကျိန်ဆိုကျိန်မယ်ဗျာ"

"အင်း ဒါဆိုစဉ်းစားစရာပဲ၊ ဒါနဲ့မင်းပိုက်ပြတ်ထွက်သွားတာက ဓားနဲ့ဖြတ်သလို တိတိရိရိတဲ့လားကွ"

"မဟုတ်ဘူးအဘရဲ့ ကျန်တဲ့ပိုက်သားတွေမှာလဲ မွနေတာပဲ၊ တစ်ကွက်တစ်ကွက် ဆန်ကောဝိုင်းလောက်၊ လူတစ်ကိုယ်စာလောက် မွစာကြဲကျန်ခဲ့တာပဲ"

"ဒါဆို မော်တော်တစ်စီးစီး ဖြတ်မောင်းသွားလို့ ပန်ကာတွေ၊ တက်မတွေနဲ့ ငြိပြီးပါသွားတာများလားမှမသိတာ။ ဒီကောင် ဘယ်လောက်သောက်ပြီး မူးမူးနဲ့အိပ်နေသလဲမှမသိတာ"

ဘကြီးသာကျော်က သူထင်တာဝင်ပြော၏။

"ဘုရားစူးစေ့အဘရယ် ကျွန်တော်ဒါလောက်မမူးပါဘူး။ မော်တော်သာလာရင် ကျွန်တော်နိုးပါတယ်။ ပြီးတော့ လှေလယ်ကောင်မှာလဲ မီးအုပ်ထွန်းထားသေးတယ်ဗျ။ မော်တော်က ပိုက်ချထားမှန်း သိသာပါတယ်"

"ဒါလဲဟုတ်တာပဲကွ။ မော်တော်သာ အရှိန်နဲ့ဝင်တိုးရင် ပိုက်နဲ့တွဲချည်ထားတဲ့ ဒီကောင့်လှေလဲ တရွတ်တိုက်ပါပြီး မှောက်မှာပဲ။ ပိုက်အလံ ၂၀ လောက်ပတ်နေရင် မင်းမော်တော် ဘယ်သွားနိုင်တော့မလဲ ပန်ကာရပ်သွားမှာပေ့ါ။ ပြီးတော့ ဒီကောင်ပိုက်ချတဲ့ဝဲနား ဘယ်မော်တော်မှမလာတတ်ဘူး၊ မော်တော်ကလဲ လာခဲပါဘိခြင်း။ စဉ်းစားဖို့ကောင်းတာက ခုန်ခုန်တက်နေတယ်ဆိုတဲ့အကောင်ကိစ္စပဲ။ ပြီးတော့ ဆံပင်တွေလိုလို ဘာတွေလိုလိုလဲပါတယ်ဆိုတော့"ဟု ပြောရင်း စဉ်းစားသလိုလိုနှင့် စကားကိုရပ်၏။

"ဒါကြောင့် ကျွန်တော်ပြောတာပေ့ါအဘရဲ့ ရေသူမပါဆို။ ဒါကြောင့် ဆံပင်ပါတာပေ့ါ မဟုတ်ရင် ဘယ်ရေထဲကကောင်က ဆံပင်ရှိမလဲ"ဟု လူငယ်တစ်ယောက်က ဝင်ပြောရင်းရယ်ကြလေ၏။

"ရေသူမဆိုတာ မင်းမြင်ဖူးလို့လား"ဟု တစ်ယောက်က မေး၏။

"ဟ ဒါတော့ ငါလဲဘယ်မြင်ဖူးပ့ါမလဲ သူများတွေပြောကြတာပဲ။ ရေသူမဆိုတာ အောက်ပိုင်းက ငါး၊ အပေါ်ပိုင်းက လူလို့ဆိုပဲ"

"တော်တော့ဟေ့၊ ဒီမှာ စကားအကောင်းပြောမလို့"ဦးတောကျော်ကငေါက်လိုက်၍ ငြိမ်သွားကြ၏။

"ဒီမှာလှဆောင် မင်းပိုက်ကိုင့ါပြစမ်း ပြီးတော့ မင်းရယ် ငါရယ်က တစ်စီး၊ သာကျော်ရယ် ဖိုးနီရယ်က တစ်စီး၊ အခုညသွားမယ် လိုက်မယ်မဟုတ်လားဟေ့"

"ငါ့မျက်စိက သိပ်မကောင်းဘူးကွ ညဆိုဘာမှသိပ်မမြင်ရဘူး။ နောက်လူငယ်တစ်ယောက်ယောက်ခေါ်သွားပါကွာ" ဦးသာကျော်က ငြင်းလေသည်။

"မင်းကြောက်တယ်ဆိုရင်နေခဲ့လေ။ ကဲ လူငယ်ထဲက နောက်ထပ်ဘယ်သူလိုက်မလဲဟေ့။ တစ်ယောက်မှမလိုက်လဲရတယ် ငါတစ်ယောက်တည်းနဲ့ အဲသည် ဆံပင်ဖားလျားနဲ့အကောင်ကြီးကို ဖမ်းပြမယ်"စိတ်တို၍ပြောတော့သည်။

"ကျွန်တော်လိုက်မယ်ဗျာ။ အဘကို ကျွန်တော်ယုံတယ်"

ဦးသာကျော်၏သမက် စိန်ကုလားက စိတ်အားထက်သန်စွာ ဝင်၍ပြော၏။

စိန်ကုလားက စာရင်းပေးသည်နှင့် ကျန်လူငယ်တစ်စုကလည်း သူလိုက်မယ်၊ ငါလိုက်မယ်ဖြစ်ကုန်ကြတော့၏။ ဦးတောကျော်သည် သာမညတံငါမဟုတ်၊ သူတို့ဇုက္ကနိရွာသားတွေ ဘယ်သူမှမရောက်ဖူးသော ဘိုကလေး၊ ကျိုက်လတ်၊ ဖျာပုံ၊ မော်ကျွန်း တစ်ဝိုက်သာမက ပင်လယ်ထဲထွက်၍ ငါးပိုက်ထောင်ခြင်းစသည့် တံငါလုပ်ငန်းမျိုးစုံတို့တွင် နှစ်ပေါင်းများစွာကျင်လည်လာသူဖြစ်ပေ၏။ သတ္တိအရာတွင်လည်း မခေလှ။ တောကျော်ဟေ့ဆိုလျှင် ရွာဘုရားပွဲများတွင် မော်ကြည့်ဝံ့သူမရှိ။ ယခုအသက်အရွယ်ရလာခါမှ နည်းနည်းငြိမ်နေသူဖြစ်၏။ လူမိုက်စကားနှင့်ဆိုရသော် လက်ယဉ်သူ၊ ဇရှိသူဖြစ်လေ၏။

"ကဲ ကဲ အားလုံးလိုက်လို့တော့ မဖြစ်ဘူးကွာ။ စိန်ကုလားပဲ ခေါ်သွားမယ်။ ကျန်တဲ့သူတွေက ရွာကပဲ စောင့်ကွာ။ လူသိပ်များရင် အချင်းချင်းရှုပ်ကုန်မယ်။ အန္တရာယ်က ပေ့ါသေးသေးမဟုတ်ဘူး"ဟု ဝင်၍အဆုံးအဖြတ်ပေး၏။

ထိုနေ့ညနေစောင်း နေညိုချိန်တွင်တော့ ရွာထိပ်ရှိ လှေဆိပ်တွင် လူစည်နေတော့၏။ လှဆောင်က ပွဲ့ကိုင်၍ ဦးတောကျော်က ရှေ့စီးလှေတစ်စီး စိန်ကုလားက ပွဲ့ကိုင်၊ ဖိုးနီက ရှေ့စီးလှေတစ်စီးတို့သည် ရွာထိပ်မှစ၍ထွက်ခဲ့ကြတော့၏။ သူတို့လှေများပေါ်တွင်တော့ အလံ ၄၀ ပိုက်ကနှစ်စုံ၊ ငါးမူးလုံးမိုန်းသွားတွင် လေးတောင်ခန့် ထီးရိုးဝါးအရိုးတပ်မိုန်းက ရှစ်ချောင်း၊ ဆောင်ဓား လေးလက်၊ မီးအုပ် နှစ်ခု၊ ငါးတောင့်ထိုး လက်နှိပ်မီးက နှစ်လက်၊ ဖန်သီးအပိုများဆောင်ကာ စုံနေအောင်သယ်ယူလာတော့၏။

**ဆက်လက်ဖော်ပြပါမည်။**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၈၃ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၈၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မတ်ပဲ ဧက ၁၉၁၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ် နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာတွင် မတ်ပဲအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောက်ရွက်လျက် ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် စစ်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်အောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးအရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စစ်အောင်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၈၉ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၃၅ဦးနှင့် အခြားအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၄ သိန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

ကိုလှိုင်

# ရေဖြူမြို့နယ် ရေပုံးကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**ရေဖြူ ဒီဇင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေပုံးကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဦးအောင်နှင့် တာဝန်ရှိသူများက ရေပုံးကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်း အရှည်၄မိုင် ၄ဖာလုံသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာသောက်သုံးရေရရှိရေးကော်မတီထံသို့ဆောင်ရွက်ပြီးလုပ်ငန်းများကို စနစ်တကျလွှဲပြောင်း အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ်၁၀၁ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၁ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးပြီးစီးပြီဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဦးအောင်က ပြောပြ၍ သိရသည်။

အထွေး

## ကောင်းမှုဆောင်မှ မြတ်လိမ့်မည်

- ငြိမ်းချမ်းမှု ဖွေရှာ
စိတ်ဆိုတာ အေးဓာတ်ကြိုက်၊
အသိနောက်ဝယ် သတိဆင့်လို့
မြင့်အောင် နေလိုက်။

- ခွင့်ခါခိုက် ကြုံပြီ
ဓမ္မတည် နိုင်ငံတွင်း၊
ကိုယ်ကိုယ်တိုင် တရားမွေ့မှ
တွေ့မည် မြတ်ခြင်း။

- စိတ်အဆင်း လှအောင်ပြင်
သန့်စင်မှ မွန်မြတ်၊
ကိုယ့်မေတ္တာ ရနံ့မွှေး
ပေးကွဲ့ လူ့ရပ်။

- မျက်လှည့်ဆန် လူတို့ဇာတ်
ကတတ်မှ တန်ဖိုးပေါ်
ကိုယ့်ဂုဏ်လည်း ကျော်၊
လူထဲက လူတော်
အများခေါ် လူကောင်း၊
တစ်ကွေ့နယ် လူ့ဘုံဝန်းမှာ
ချီးမွမ်း မိတ်ပေါင်း။

- ဘဝသည် တိုတောင်းမှန်း
ဉာဏ်လွမ်းလို့ ကြည့်နိုင်စေ၊
လင်းတစ်ခါ မှောင်တစ်လှည့်နဲ့
ကုန်ခဲ့ နေ့တွေ၊
ဖြည်းဖြည်းချင်း ရှေ့သို့လေ
အို, နာ, သေ နိမိတ်ပြ၊
အနတ် ကြံစည်သည့်
ရှုပ်ကံမှီ ဖျက်အညစ်ရဲ့
ရုပ်နာမ်မှီ ပျက်အဖြစ်ကို
(တို့တွေ)
စိစစ်ခဲ့ကြ။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

# ဘဝ အောင်မြင်မှုဆီသို့

**ချာန်လေး(ပညာရေး)**

လောကဦလူသားတို့သည် ပြည့်စုံသောဘဝကို ဖန်တီးရာတွင် ငွေရှိမှအရာရာ ပြီးပြည့်စုံသည်ဟု တွေးခဲ့ထင်ခဲ့ဖူးကြသည်။ မှန်ပေသည်။ အချို့ကိစ္စများတွင် ငွေလမ်းခင်း၍ လျှောက်ရသောခရီးသည် ဖြောင့်ဖြူးတတ်ကြသည်။ သို့သော် ငွေရှိတိုင်းအရာရာ ပြည့်စုံသာယာလိမ့်မည်ဟု ယူဆပါက အမှားကြီးမှားသွားလိမ့်မည်။ ငွေသည် အရာအားလုံးကို မဖြေရှင်းပေးနိုင်ပါ။

လူချမ်းသာတချို့သည် ငွေကိုရေလိုသုံးသော်လည်း စိတ်မချမ်းသာမှုများကြား စိုးရိမ်ပူပန်မှုများနှင့်အတူ အခြားသူမသိနိုင်သော နောင်တများနှင့် ဘဝကို အဆင်ပြေဟန်ဖြင့် မျက်နှာဖုံးတပ်ပြီး ရင်ဆိုင်ကျော်လွှားနေတတ်ကြသည်။ ထို့ကြောင့် ငွေဖြင့်စိတ်ချမ်းသာမှုကို ဝယ်ယူ၍မရနိုင်ပါ။ ထို့ကြောင့် ငွေနောက်လိုက်ခြင်းသည်လည်း ပျော်ရွှင်ကျန်းမာပြီး အဓိပ္ပာယ်ရှိသော ဘဝတစ်ခုဆီရောက်ရန် တစ်ခုတည်းသော နည်းလမ်းကောင်းမဟုတ်နိုင်ပေ။

လူသားတိုင်းသည် မိမိရှင်သန်နေထိုင်ရာဘဝတွင် အကောင်းဆုံးနေတတ်၊ ထိုင်တတ်ရန်အရေးကြီးသည်။ မိမိ၏ဖြစ်တည်မှုဘဝကိုလည်း လက်ခံနိုင်ရန်၊ လက်ခံတတ်ရန် လိုအပ်သည်။ မိမိဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်းကို ကြိုးစားရာတွင်လည်း အတတ်နိုင်ဆုံး အောင်မြင်မှုနောက် တစ်နည်းအားဖြင့် ငွေနောက်ကို အငမ်းမရ တစ်ဇွတ်ထိုးလိုက်တတ်သော အကျင့်ကို မမွေးမြူသင့်ပေ။ မိမိတွင်ပါလာသော ပင်ကိုယ်အရည်အချင်းဖြင့် ဇွဲ၊လုံ့လ၊ ဝီရိယတို့နှင့်အတူ ပုံမှန်ကြိုးစားအားထုတ်တတ်ရမည်။ ထိုသို့ စဉ်ဆက်မပြတ် ဖြည်းဖြည်းမှန်မှန် ခရီးနှင်နေပါက "တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့" ဆိုသကဲ့သို့ အောင်မြင်မှုဆိုသောအရာသည် မိမိထံသို့ရောက်ရှိလာပါလိမ့်မည်။

မိမိအနေဖြင့် ရရှိလာသော မိမိ၏အောင်မြင်မှုကိုလက်လွှတ်ဆုံးရှုံးမှုမရှိနိုင်စေရန်နှင့် ထိုအောင်မြင်မှုကို ရေရှည်တည်တံ့ခိုင်မြဲလိုလျှင် ပြုပြင်ထိန်းသိမ်းသင့်သောအမူအကျင့်များမှာ ကိုယ့်ကိုယ်ကိုယ်ချစ်တတ်ပါစေ၊ ကိုယ့်ကိုယ်ကိုယ်အားကိုးပါ၊ ဘဝကို အဓိပ္ပာယ်ရှိစွာဖြတ်သန်းတတ်ပါစေ၊ ဝါသနာဖြင့် ရည်မှန်းချက်ကိုအကောင်အထည်ဖော်ပါ၊ သခင်စိတ်ဓာတ်ရှိပါစေ၊ ရောင့်ရဲစိတ်ထိုက်သင့်သလောက်သာရှိပါစေ၊ မနာလိုစိတ်ကို ဘေးဖယ်၍စာများများဖတ်ပါတို့ဖြစ်သည်။

**ကိုယ့်ကိုယ်ကိုယ်ချစ်တတ်ပါစေ**

ကိုယ့်ကိုလူများက ချစ်နေရေးအတွက် အမြဲဂရုစိုက်နေထိုင်ပြရန်မလိုပါ။ အလိုအပ်ဆုံးသောအရာသည် ကိုယ်မှန်ကြည့်လိုက်သည့်အခါ ကြည့်မှန်ထဲတွင် ပေါ်လာသော မိမိကိုယ်ကို ချစ်တတ်ရန်နှင့် လေးစားတတ်ရန်သာလိုသည်။

လူသားတိုင်းသည် ကိုယ့်ကိုယ်ကိုယ် တကယ်ချစ်လျှင်ကောင်းတာလုပ်၍ ကောင်းသောစကားကိုသာ အစဉ်ပြောလေ့ရှိပြီး ကောင်းသောအတွေး၊ ကောင်းသောအကြံအစည်ဖြင့် ဘဝကို ရှင်သန်နေထိုင်ကြသည်။ စိတ်ကောင်းရှိမှသာလျှင် ကောင်းသောအလုပ်ဖြင့် အသက်မွေး၍ မိမိရရှိထားသောအောင်မြင်မှုများကိုလည်း လိပ်ပြာလုံလုံ ဖြင့်ဘဝကို ရပ်တည်နေထိုင်တတ်ကြသည်။

**ကိုယ့်ကိုယ်ကိုယ်အားကိုးပါ**

ယခုခေတ်တွင် ကိုယ့်ဒူးကိုယ်ပင်မယုံရသောကြောင့် သူတစ်ပါးကို အားကိုးယုံကြည်နိုင်ရန်ဆိုသည်မှာ မဖြစ်နိုင်ပေ။ထို့ကြောင့်

"အတ္တာဟိ အတ္တနော နာထော"

"မိမိကိုယ်သာ ကိုးကွယ်ရာ"ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တိုင် ဟောကြားခဲ့ဖူးသည်။ ကိုယ့်လမ်း ကိုယ့်လျှောက်၊ ကိုယ့်လမ်းကိုယ်ဖောက်နိုင်ခြင်းသည် ကိုယ်ပိုင်အရည်အချင်းပင်ဖြစ်သည်။ အခက်အခဲဆိုသည်ကား လူတိုင်းကြုံတွေ့နေရ၍ မိမိ၏အခက်အခဲများကို အတွေ့အကြုံဖြင့်ပညာယူကာ ဘဝကို စဉ်ဆက်မပြတ် ကြိုးစားနေရမည်။ အခက်အခဲနှင့်ကြုံတိုင်း အခြားသူကို အားကိုးချင်စိတ်ပေါ်ပေါက်လာလျှင် ကိုယ်တိုင်ရေးဆွဲနေသော ဘဝကကြိုးသည် ရုပ်မြဲရုပ်နေ ဦးပေမည်။ ကိုယ်ပိုင်ဖန်တီး၍ ရရှိလာသော အောင်မြင်မှုမျိုးနှင့် အခြားသူဖန်တီးပေး၍ ရရှိလာသော အောင်မြင်မှုမျိုးသည် ဘယ်သောအခါမှ တူညီနိုင်မည်မဟုတ်ပေ။

ကိုယ့်အစွမ်းအစကိုယုံကြည်ပြီး အခက်အခဲများကို ပြေလည်အောင်ဖြေရှင်းကာ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးတတ်ပြီး ဘဝကိုအမြင့်ဆုံးတွင် ရပ်တည်နိုင်ရန် ကြိုးစားသင့်ပေသည်။

**ဘဝကိုအဓိပ္ပာယ်ရှိစွာ ဖြတ်သန်းတတ်ပါစေ**

မိမိဘဝကို အဓိပ္ပာယ်ရှိစွာ ရှင်သန်နေထိုင်မည်ဟု ဆုံးဖြတ်ထားလျှင် ဘဝကိုယောင်လည်လည် မဖြတ်သန်းမိပါ။ သင့်ဘဝ အောင်မြင်မှုသည် ဘယ်သောအခါမှရရှိနိုင်မည်မဟုတ်။ ဘဝကို ယောင်လည်လည်ဖြတ်သန်းနေခြင်းကို သတိထားမိပြီဆိုလျှင် ပြန်လည်နိုးထရန် အချိန်မီပါသေးသည်။ လက်ရှိအချိန်သည် အကောင်းဆုံးပင်ဖြစ်သည်။

**ဝါသနာဖြင့်ရည်မှန်းချက်ကို အကောင်အထည်ဖော်ပါ**

လူသားတိုင်းသည် မိုးလင်းမှမိုးချုပ်သည်ထိ တစ်နေ့တာလုံး လုပ်ငန်းဆောင်တာများစွာဖြင့်ကုန်ဆုံးနေတတ်ကြသည်။ သို့သော် လုပ်ငန်းဆောင်တာများကို သေသေချာချာစနစ်တကျစစ်ထုတ်ကြည့်လိုက်မည်ဆိုလျှင် အချက်နှစ်ချက်ကို မြင်တွေ့ရပါမည်။ ထိုသည်ကား အရေးမကြီးသောကိစ္စနှင့်အရေးမပါသော ကိစ္စပင်ဖြစ်သည်။များသောအားဖြင့် ပုံစံခွက်ထဲတွင် ရှင်သန်ကြီးထွားလာသူများပေသည်။ ထိုအရာများကို နိစ္စဓူဝ လုပ်ငန်းများဟု အထင်ရောက်နေတတ်ကြသည်။ ထို့ကြောင့် ကိုယ်ဘာဝါသနာပါလဲ၊ ကိုယ့်ရည်ရွယ်ချက်၊ ရည်မှန်းချက်က ဘာလဲဆိုခြင်းမျိုးကို မေ့လျော့နေတတ်ကြသည်။

ထိုသို့မဟုတ်ဘဲ ဝါသနာပါရာကို တစိုက်မတ်မတ်လုပ်ပြီး ရည်ရွယ်ရာရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဆိုပါက စစ်မှန်သောအောင်မြင်မှုမျိုးကို ရရှိနိုင်မည်ဖြစ်သည်။ မိမိ၏ကျွမ်းကျင်ရာ၊ လိမ္မာရာကို ဖော်ထုတ်ပါ။ စိတ်ဝင်စားမှုသည် ဝါသနာ၏ အုတ်မြစ်ဆိုသော်လည်း မိမိ၏ကျွမ်းကျင်မှုက ထိုအရာကို လုပ်နိုင်မလားကလည်း အရေးကြီးသည်။ စိတ်ပါဝင်စားသော်လည်း မကျွမ်းကျင်၍လမ်းခုလတ်တွင် ရပ်ပစ်လိုက်ရတာမျိုးလည်းရှိနိုင်သည်။ ထို့ကြောင့် မိမိ၏ကျွမ်းကျင်မှုနှင့် ကိုက်ညီသော ဝါသနာကို ပုံဖော်ထုဆစ်တတ်ရန်အထူးပင်လိုအပ်သည်။

> ❖ မိမိအနေဖြင့် ရရှိလာသော မိမိ၏အောင်မြင်မှုကို လက်လွှတ်ဆုံးရှုံးမှုမရှိနိုင်စေရန်နှင့် ထိုအောင်မြင်မှုကို ရေရှည်တည်တံ့ခိုင်မြဲလိုလျှင် ပြုပြင်ထိန်းသိမ်းသင့်သောအမူအကျင့်များမှာ ကိုယ့်ကိုယ်ကိုယ် ချစ်တတ်ပါစေ၊ ကိုယ့်ကိုယ်ကိုယ်အားကိုးပါ၊ ဘဝကို အဓိပ္ပာယ်ရှိစွာဖြတ်သန်းတတ်ပါစေ၊ ဝါသနာဖြင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ပါ၊ သခင် စိတ်ဓာတ်ရှိပါစေ၊ ရောင့်ရဲစိတ်ထိုက်သင့်သလောက်သာ ရှိပါစေ၊ မနာလိုစိတ်ကိုဘေးဖယ်၍ စာများများဖတ်ပါ တို့ဖြစ်သည်။ ❖

**သခင်စိတ်ဓာတ်ရှိပါစေ**

တစ်ချိန်က စာရေးသူဖတ်ခဲ့ဖူးသော ဆရာကြီးပီမိုးနင်း၏ စကားလက်ဆောင်လေးကိုမျှဝေပေးပါရစေ။ ဆရာကြီးပီမိုးနင်းက...

"ကြီးပွားတိုးတက်ဖို့အတွက် ပင်ပန်းစွာအလုပ်လုပ်ဖို့ မလို။ သတိ၊ပညာ၊ အလိမ္မာနှင့် အပျင်းကိုနိုင်ဖို့သာလို၏"လို့ ပြောခဲ့ဖူးသည်။

ဝီရိယဆိုသည်မှာ အားသွန်ခွန်စိုက် ပင်ပင်ပန်းပန်းအလုပ်လုပ်ရခြင်းကိုဆိုလိုခြင်းမဟုတ်၊ နိုးကြားထကြွခြင်းသည်သာလျှင် ဝီရိယရှိခြင်းဟုခေါ်သည်။

ဝီရိယအားနည်းလျှင် နောက်လိုက်စိတ်ဓာတ်ဖြစ်ပေါ်လာတတ်သည်။ "သူဦးဆောင်လိုက်မယ်၊ သူလုပ်လိုက်မယ်"ဆိုသော စိတ်ဓာတ်သည် အစေအပါးစိတ်ဓာတ်ပင်ဖြစ်သည်။

မိမိ၏ဘဝတိုးတက်ရေးအတွက် နေ့တစ်နေ့တာတွင် ကိုယ်ဘာလုပ်ရမလဲ၊ ဘယ်အလုပ်ကို ဘယ်အချိန်မှာပြီးမြောက်အောင်လုပ်ပြီး ဘယ်အလုပ်ကိုဘယ်လိုဆက်လုပ်ရမလဲဟု အမြဲတွေးတောနေတတ်ရမည်။ မည်သူ့မျှမခိုင်းဘဲ မိမိ၏အသိစိတ်ဓာတ်ဖြင့် ပြင်ဆင်လုပ်ကိုင်တတ်ခြင်းသည် သခင်စိတ်ဓာတ်ပင်ဖြစ်သည်။ ထို့ကြောင့် မိမိ၏စိတ်ကို သခင်စိတ်အဖြစ်မွေးမြူတတ်ပြီး အောင်မြင်မှုများကိုပိုင်ဆိုင်နိုင်ရန် ကြိုးစားရမည်။

**ရောင့်ရဲစိတ်ထိုက်သင့်သလောက်ရှိပါစေ**

ယနေ့ လူများသည် စိုးရိမ်ပူပန်၍ ပျော်ရွှင်မှုကင်းမဲ့ရသည့်အကြောင်းမှာ ရောင့်ရဲခြင်းကို သတိမမူ၊ လျစ်လျူရှုထားသောကြောင့်ဖြစ်သည်။ ရောင့်ရဲသောစိတ်ကိုမွေးမြူရမည့်အစား ငွေကြေးနှင့်ငွေကြေးဖြင့် ဝယ်ယူနိုင်သောအရာများအပေါ် ယုံကြည်ကိုးစားသောကြောင့် ဖြစ်သည်။

ရောင့်ရဲစိတ်ကို နေရာတိုင်းမထားသင့်သလို မိမိ၏ဘဝကြီးတစ်ခုလုံး ၏ အရှင်သခင်အဖြစ်လည်း မကိုးကွယ်ထားသင့်ပါ။ မိမိ၏လက်ရှိအခြေအနေကို ကျေနပ်တင်းတိမ် မနေဘဲ ဘယ်လိုကောင်းအောင်လုပ်ရမလဲ၊ ဘယ်လိုတိုးတက်အောင်မြင်အောင်လုပ်ရမလဲစသည်ဖြင့် အစဉ်တွေးကြံနေတတ်ရမည်။ အောင်မြင်မှုအတွက် ကြိုးစားနေသူတိုင်းသည် ရောင့်ရဲစိတ်မရှိပါနဲ့ဟု မဆိုလိုပါ။ သို့သော် ရောင့်ရဲစိတ်ကို လိုတာထက်တော့ မပိုမိစေရန် အထူးဂရုပြုရမည်ဖြစ်သည်။

**မနာလိုစိတ်ကိုဘေးဖယ်၍ စာများများဖတ်ပါ**

မနာလိုစိတ်သည် လူသားတို့အတွက် အကြီးမားဆုံးသော ရန်သူတော်တစ်ပါးဖြစ်သည်။လူအများစုသည် ကိုယ့်ထက်သာက မုဒိတာမပွားနိုင်ကြဘဲ မနာလိုစိတ် ကိန်းအောင်းတတ်ကြသည်။ အထူးသဖြင့် ကိုယ်သည် သူ့ထက်သာအောင်မည်သို့ကြိုးစားရမည်ကို မစဉ်းစားကြတော့ပေ။

မနာလို စိတ်ဟူသည်မှာ မိမိ၏သိမ်ငယ်သောစိတ်ကလေးမှ ပေါက်ဖွားလာသောအရာပင်ဖြစ်သည်။ ကိုယ်မှာမရှိတာကို သူ့မှာရှိနေလို့၊ ကိုယ်မလုပ်နိုင်တာကို သူလုပ်နိုင်လို့ စသောစိတ်အခြေခံပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ကိုယ့်ကိုယ်ကိုယ် မယုံကြည်လို့ သံသယစိတ်များလို့၊ ကြိုးစားလိုစိတ်မရှိလို့ မိမိ၏စိတ်ထဲတွင် ဖြစ်တည်လာသော စိတ်ယုတ်စိတ်ညံ့ပင်ဖြစ်သည်။ ထိုစိတ်မျိုးဖြစ်တည်လာလျှင် မိမိမနာလိုသူ၏ ပျက်စီးရာပျက်စီးကြောင်းများကို အမြဲကြံစည်နေတတ်ပြီး မိမိမှာရှိသော ပင်မစွမ်းရည်တွေလည်း မတိုးလာဘဲ မိမိ၏ပျော်ရွှင်မှုများပါ ဆုံးရှုံး သွားနိုင်သည်။ ထို့ကြောင့် မနာလိုစိတ်ကို ဘေးဖယ်၍ မိမိ၏ရန်သူကို ရှာဖွေမည့်အစား မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ကိုသာ ရှာဖွေသင့်သည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသည့်အတိုင်း စာပေတိုင်းကို ဖတ်သင့်သည်ဆိုသော်လည်း ဦးနှောက်ကိုခွန်အားဖြစ်စေနိုင်သည့်စာပေနှင့် စိတ်ကိုပျော်ရွှင်ပြီး သုတရသများများ ပေးစွမ်းနိုင်သော စာအုပ်စာပေများစွာကို ဖတ်ရှုသင့်သည်။

စာအုပ်တွေဘယ်လောက်ပဲဖတ်ဖတ် စာအုပ်ပါအကြောင်းအရာများကို ဘယ်လိုပဲမှတ်မှတ် ဖတ်ရုံမှတ်ရုံလောက်ဖြင့် ဘာမှဖြစ်လာနိုင်မည်မဟုတ်။ မိမိဖတ်ထားမှတ်ထားမှုများကို လက်တွေ့အသုံးချတတ်မှသာလျှင် ဘဝမှာ တိုးတက်အောင်မြင်နိုင်မည်။ ထို့ကြောင့် အမေရိကန်စာရေးဆရာကြီး ဂျင်ရွှန်(Jim Rohn)က "သာမန်ဆိုတာထက် ပိုပြီးမြင့်ချင်သူတွေအတွက်တော့ မဖြစ်မနေ စာဖတ်ဖို့လိုတယ်"လို့ ပြောခဲ့ဖူးသည်။

အချုပ်အားဖြင့်ဆိုသော် ဘဝအတွက် ရေရှည်တည်တံ့ခိုင်မြဲသော အောင်မြင်မှုမျိုးကို ပိုင်ဆိုင်လိုလျှင် ရိုးသားကြိုးစား၍ အထက်ဖော်ပြပါ အမူအကျင့်များကို ပြုပြင်သွားကြရန်လိုအပ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

**ကိုးကား**

**– သတင်းစာ၊စာစောင်များ**

**အက်ရှာ( Asher )၏ထက်မြက်သောမိန်းမ**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၂၈၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၉၂၈၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပုသိမ်မြို့နယ်တွင် စပါး ၄၉၂၈၈ ဧကကို ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

''ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်မြို့နယ်အတွင်း စပါး ၄၉၂၈၈ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေ အခက်အခဲမရှိ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ကူညီပေးနေပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် စပါးများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၂၈ ဧက စိုက်ပျိုးပြီးစီး

**ထီးချိုင့် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ကြက်သွန်နီ ဧက ၇၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း ကြက်သွန်နီ ဧက ၇၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးပြီး ကြက်သွန်နီကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကြက်သွန်နီစိုက်တောင်သူများ အနေဖြင့် ကြက်သွန်နီ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ ပိဿာချိန် ၅၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံး စိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# လှည်းကူးမြို့နယ် ဘားလားကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**လှည်းကူး ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားလားကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်း၊ လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ဘားလားကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ အရှည် ၅၂၇ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးထံမှ သိရသည်။ **အိပိုးပိုး**

# စလင်းမြို့နယ် အနောက်ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ကန်ဘောင်ကျေးရွာအုပ်စု အနောက်ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာရပ်မိရပ်ဖများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်း၊ အတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အနောက်ကန်ဘောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ အနောက်ကန်ဘောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# ပုပ္ပသီရိမြို့နယ် သပြေတန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုပ္ပသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေတန်းကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုပ္ပသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ သပြေတန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သပြေတန်းကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၅၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Linn Latt Paing ကုမ္ပဏီက ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၁၃ အိမ်၊ လူဦးရေ ၁၃၁၈ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ အခက်အခဲများ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အဂတိပယ်ခွာ ပြည်သာယာ

ဇင်မင်းစိုး(ဗိုလ်ကလေး)

နှစ်စဉ် ဒီဇင်ဘာ ၉ ရက်သည် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဖြစ်သည်။ အဂတိလိုက်စားမှု၏ဆိုးကျိုးများကို သိမြင်စေပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံတိုင်း၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ကျင်းပပြုလုပ်ကြသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့**

အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုစနစ်များ ယိုယွင်းပျက်စီးစေနိုင်သဖြင့် ကမ္ဘာ့နိုင်ငံများက အလေးထား တိုက်ဖျက်လျက်ရှိသည်။ အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း၌သာဖြစ်ပွားသည့် ပြစ်မှုအသွင်မှ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော ဂိုဏ်းဖွဲ့ကျူးလွန်သည့် ပြစ်မှုများအသွင်သို့ ပြောင်းလဲလာနိုင်သည်ဖြစ်ရာ ပြည်တွင်းဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ရေးဆိုင်ရာအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းစသည့်နိုင်ငံတွင်း ဆောင်ရွက်မှုများအပြင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးထားဆောင်ရွက်နေသည်။

နိုင်ငံတိုင်းအပေါ် ဆိုးရွားသော သက်ရောက်မှုများဖြစ်စေသည့် အဂတိလိုက်စားမှုများ၊ ၎င်းနှင့်ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုများကို တားဆီးကာကွယ်ရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ကမ္ဘာလုံးဆိုင်ရာကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ် ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အဖြစ် သတ်မှတ်ခဲ့သည်။ ထိုနေ့မှစ၍ ကမ္ဘာတစ်ဝန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အများပြည်သူ ပူးပေါင်းပါဝင်လာနိုင်စေရေး ရည်ရွယ်သည့် လှုပ်ရှားမှုများ၊ အထိမ်းအမှတ် အခမ်းအနားများကို ဆောင်ရွက်လာကြသည်။

**အဂတိလိုက်စားမှု၏အဓိပ္ပာယ်**

အဂတိလိုက်စားမှုဟုဆိုရာတွင် လာဘ်ပေးလာဘ်ယူပြုခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ ဩဇာအာဏာကိုသုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း၊ တာဝန်ကို အလွဲသုံးစားပြုခြင်း၊ တရားမဝင် ကြွယ်ဝချမ်းသာလာခြင်းတို့ ပါဝင်သည်။

မျက်မှောက်ခေတ်တွင် လူအများသည် အဂတိလိုက်စားခြင်းကို လာဘ်စားခြင်း တစ်ခုတည်းသာ အသိများ အမြင်များနေကြလေသည်။ အမှန်တကယ်တွင် အဂတိလိုက်စားခြင်းဟူသည် လာဘ်စားခြင်းတစ်ခုတည်းမဟုတ်ကြောင်းကို မြတ်စွာဘုရားက သိင်္ဂါလလုလင်ကို အဂတိတရားလေးပါး ဟောကြားခဲ့သည်။

**အဂတိလိုက်စားမှု၏ ဆိုးကျိုးအန္တရာယ်များ**

အဂတိလိုက်စားမှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပြင်းပြင်းထန်ထန် ပိတ်ဆို့ဟန့်တားလျက်ရှိသောကြောင့် ထိထိရောက်ရောက်တိုက် ဖျက်သွားရန် လိုအပ်သည်။ အဂတိလိုက်စားမှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် ဖြစ်ပေါ်နေခြင်းဖြစ်လေသည်။ အများအကျိုးဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်ခြင်းနှင့် စိတ်စေတနာမွန်မြတ်ကောင်းမွန်ခြင်းသည် အဓိကကျလေသည်။ လာဘ်ယူခြင်းသည် ပျက်စီးခြင်းဖြစ်ရုံသာမက လာဘ်ပေးခြင်းသည်လည်း ဖျက်ဆီးခြင်းဖြစ်သည်ဟု လူကြီးသူမများက သွန်သင်ဆုံးမသည်။

အဂတိလိုက်စားမှုများကြောင့် ဌာနအသီးသီး၏ စွမ်းဆောင်ရည်များ ကျဆင်းစေပြီး ရည်မှန်းချက်တာဝန်များလည်း မအောင်မြင်နိုင်ပေ။ နိုင်ငံတော်၏ သဘာဝသယံဇာတများ အလဟဿဆုံးရှုံးခြင်း၊ ရသင့်ရထိုက်သော အခွန်အခများမရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ နိုင်ငံသားတို့၏ ရပိုင်ခွင့်အခွင့်အရေးများ ဆုံးရှုံးခြင်း၊ တရားဥပဒေစိုးမိုးမှုလျော့နည်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ စာရိတ္တမဏ္ဍိုင်များ ပျက်စီးခြင်း၊ အကျင့်ပျက် လူ့အဖွဲ့အစည်းအသွင် ဖြစ်ပေါ်လာခြင်းနှင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကင်းမဲ့လာကာ ဆန့်ကျင်မှုဖြစ်ပေါ်လာခြင်းတို့သည် အဂတိလိုက်စားမှု၏ ဆိုးကျိုးများဖြစ်သည်။

အဂတိလိုက်စားခြင်းသည် အိမ်တစ်အိမ်တွင် ခြစားနေသည်နှင့်တူလှသည်။ ခြစားခြင်း၏ သဘောသည် တဖြည်းဖြည်းနှင့် အိမ်ကို ဖျက်ဆီးခြင်းဖြစ်သဖြင့် နောက်ဆုံးတွင် အိမ်ပျက်စီးရသည့်အဖြစ်သို့ ရောက်ရလေသည်။ ထို့ကြောင့် အဂတိလိုက်စားမှုများကို အကျင့်ပျက်ခြစားမှုဟုလည်း သုံးနှုန်းခေါ်ဝေါ်ကြလေသည်။

အဂတိလိုက်စားမှု အကျိုးဆက်သည် များပြားလှသည်ဖြစ်ရာ အဂတိလိုက်စားမှုကို မျက်ကွယ်ပြုနေခြင်း၊ ကြိုတင်မကာကွယ်ခြင်း၊ ဥပဒေအရ ထိရောက်စွာ အရေးမယူခြင်းများဖြစ်ပါက ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းလာပြီး အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးစနစ်များတွင် ယဉ်ကျေးမှုတစ်ရပ်သဖွယ်အမြစ်တွယ်လာမည်ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာထိန်းသိမ်းစို့ ဟူသောစကားအရ လာဘ်ပေးလာဘ်ယူခြင်း၊ အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရားပျက်ပြားခြင်းဖြစ်လေသည်။ ကိုယ်ကျင့်တရားပျက်ပြားသူသည် လမ်းမှန်သို့ ရောက်ရန်ခက်ခဲသည်။ ကိုယ်ကျင့်တရားကောင်းမွန်အောင် စောင့်ထိန်းမှသာ လမ်းမှန်သို့ရောက်ရှိနိုင်မည်ဖြစ်သည်။

> ❖အဂတိလိုက်စားမှုများကြောင့် ဌာနအသီးသီး၏ စွမ်းဆောင်ရည်များကျဆင်းစေပြီး ရည်မှန်းချက်တာဝန်များလည်း မအောင်မြင်နိုင်ပေ။ နိုင်ငံတော်၏သဘာဝသယံဇာတများ အလဟဿဆုံးရှုံးခြင်း၊ ရသင့်ရထိုက်သော အခွန်အခများမရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်များပျက်စီးခြင်း၊ နိုင်ငံသားတို့၏ရပိုင်ခွင့်အခွင့်အရေးများဆုံးရှုံးခြင်း၊ တရားဥပဒေ စိုးမိုးမှုလျော့နည်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ စာရိတ္တမဏ္ဍိုင်များပျက်စီးခြင်း၊ အကျင့်ပျက် လူ့အဖွဲ့အစည်းအသွင်ဖြစ်ပေါ်လာခြင်းနှင့် ပြည်သူလူထု၏ယုံကြည်ကိုးစားမှုကင်းမဲ့လာကာ ဆန့်ကျင်မှုဖြစ်ပေါ်လာခြင်းတို့သည် အဂတိလိုက်စားမှု၏ ဆိုးကျိုးများဖြစ်သည်။ ❖

**မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ကြိုးပမ်းချက်များ**

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူ၍ ပြည်သူအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် တိုက်ဖျက်လျက်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် ၁၆၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့လေသည်။ ထို့ပြင် နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ၊ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များသို့ ဝင်ရောက်ထားပြီး နိုင်ငံတကာနည်းတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သောအပြုအမူဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဂတိလိုက်စားမှုဥပဒေကို ခေတ်စနစ်နှင့်အညီဖြစ်စေရန် ပဉ္စမအကြိမ်ထိ ပြင်ဆင်ကာ အသွင်အမျိုးမျိုးဖြင့်ဖြစ်ပွားနေသော အဂတိလိုက်စားမှုများကို ဟန့်တားထိန်းချုပ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျောင်းသားလူငယ်များ အဂတိလိုက်စားမှုနှင့်ဆိုင်သော အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် 'ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအစီအစဉ်'ကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် အသိပညာများဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကျောင်းသားလူငယ်များ အသိအမြင်တိုးပွားလာစေရန်နှင့် လူငယ်တို့၏အခန်းကဏ္ဍကို မြှင့်တင်ခြင်းဖြင့် အဂတိလိုက်စားမှုကိုလက်မခံသည့် လူမှုဝန်းကျင်တစ်ခုတည်ဆောက်နိုင်ရန်ရည်ရွယ်၍ 'အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ' စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်များတွင်ဖွင့်လှစ်သည့် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းများ၌လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို ဆွေးနွေးပို့ချခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့် ပညာပေးရေးလုပ်ငန်းစဉ်များကို ပြည်သူများသိရှိစေရန် ရေဒီယို၊ ရုပ်မြင်သံကြား၊ ပိုစတာ၊ ဗီဒီယိုဇာတ်လမ်းများ၊ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ပြုလုပ်ကျင်းပ၍ အသိပညာဖြန့်ဝေခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ သိရှိအောင်ဆောင်ရွက်ပေးသည်။

**အဂတိပယ်ခွာ ပြည်သာယာ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ အဘက်ဘက်မှ ဟန်ချက်ညီညီ ကောင်းမွန်နေစေရန် အလွန်အရေးကြီးလှသည်။ အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာဖျက်ဆီးလျက်ရှိရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အတူတကွ ပူးပေါင်းတိုက်ဖျက်ကြရန် အရေးကြီးသည်။ အဂတိကင်းစင်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။

အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိသည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေး အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

အဂတိလိုက်စားမှုကို မဖြစ်ခင်ကပင် ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းသည် အထိရောက်ဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ အဂတိလိုက်စားခြင်း၏အကျိုးများကို ပြည်သူအားလုံးသိရှိမှသာ ကြိုတင်ရှောင်ရှားနိုင်မည်ဖြစ်သည်။ အဂတိလိုက်စားမှုကြောင့် ဥပဒေအရ အရေးယူခံရပါကလည်း မိမိတို့၏ အနာဂတ်ရည်မှန်းချက်များ ပြိုလဲပျက်စီးနိုင်သဖြင့် အဂတိလိုက်စားမှုကို အထူးဂရုပြုရှောင်ကြဉ်ကြရမည်ဖြစ်သည်။

အဂတိတရားကင်းစင်ပြီး ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးတစ်ခုတည်ဆောက်ကြရန် လူတိုင်း လူတိုင်းတွင် တာဝန်ရှိပါကြောင်း ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်အပ်ပါသည်။

**ကိုးကား**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website စာမျက်နှာ၊**
- **အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊**
- **နိုင်ငံတော်အကြီးအကဲများ၏ သဝဏ်လွှာများ၊**
- **နေ့စဉ်ထုတ်သတင်းစာများ၊**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## မာနကြီးသောမြင်း

လမင်း၏ အရောင်ကြောင့် ပတ်ဝန်းကျင်ကို ရှင်းလင်းစွာမြင်နေရ၏။ ဘိုးဘိုးမြ အိမ်ရှေ့ ကွပ်ပျစ်တွင်ထိုင်လျက် ဘွားဘွားကြင်ကို စကားဆိုလိုက်သည်။

"မောင်ပြေသုတို့ သူငယ်ချင်းတွေ မရောက်လာကြသေးဘူးနော်"

"လာမှာပေါ့၊ အစောကြီးရှိသေးတာ"

"အရင်ဆို ဒီအချိန်ရောက်နေကြပြီလေ"

"ဘိုးဘိုးမြရေ၊ ဘိုးဘိုးမြ"

"ဟော လာပါပြီတော်။ လာကြမြေးတို့ရေ၊ မြေးတို့အဘိုးက မျှော်နေတာ။ အဘွားလဲ ကန်စွန်းဥလေးတွေ ပြုတ်ထားတယ်ကွဲ့"

ဘွားဘွားကြင် ပြောပြောဆိုဆိုဖြင့် အိမ်ထဲဝင်သွားလေသည်။


"သားတို့ နောက်ကျသွားတယ် ဘိုးဘိုးမြရေ၊ ဒီည ဘာပုံပြင်ပြောပြမှာလဲ ဘိုးဘိုးမြ"

"ဒီည ဘိုးဘိုးပြောမဲ့ ပုံပြင်က မာနကြီးသောမြင်းဆိုတဲ့ ပုံပြင်လေးပါ မြေးတို့ရေ"

"ကဲ...ပုံပြင်လေးလဲ နားထောင်၊ ဘွားဘွားကြင်ရဲ့ ကန်စွန်းဥလေးလဲ စားလိုက်ပါအုံး မြေးတို့"

ကန်စွန်းဥပြုတ်ပန်းကန်လေးချကာ ဘွားဘွားကြင် ဝင်ပြောလိုက်သည်။

ဟိုးရှေးရှေးတုန်းက ခွန်အားဗလနဲ့ပြည့်စုံပြီး အရောင်အသွေး လှပတဲ့မြင်းကြီးတစ်ကောင် ရှိတယ်ကွဲ့။ သူ့သခင်ကလဲ တယုတယနဲ့ ပြုစုကျွေးမွေးလေ့ရှိတာပေါ့ကွယ်။ သူ့သခင်က အစာကျွေးတဲ့အခါ "ဖွဲ့သားကြီး ဒါတွေက ဖွဲ့သားကြီးစားဖို့နော်။ အခြားမြင်းတွေကို မကျွေးနဲ့"လို့ ပြောသတဲ့မြေးတို့ရဲ့။ ခွန်အားဗလကြီးတဲ့အပြင် သခင်ဖြစ်သူရဲ့ ဂရုစိုက်ခြင်းခံရတာကြောင့် မြင်းကြီးက အခြားမြင်းတွေအပေါ်မှာ အနိုင်ကျင့်လေ့ရှိတာပေါ့ကွယ်။ အခြားမြင်းတွေကို သူ့လောက်ခွန်အားလဲမကြီး၊ သခင်ရဲ့ဂရုစိုက်မှုကိုလဲ မခံရဘူးဆိုပြီး လှောင်ပြောင်နေတာပေါ့ကွယ်။ "မင်းတို့ထဲက ငါ့ကိုနိုင်အောင်ပြေးနိုင်တဲ့သူမရှိဘူး။ ငါ့ကိုလာမပြိုင်ကြနဲ့"လို့ မောက်မာစွာပြောသတဲ့ကွယ်။ ဒါကြောင့် အခြားမြင်းတွေက သူ့ကိုအမြင်မကြည်ကြပေမဲ့ သခင်ဖြစ်သူကြောင့် သည်းခံပြီး ပေါင်းသင်းနေကြရသတဲ့။ သခင်ဖြစ်သူရဲ့ကျေးဇူးကြောင့် ပြောဆိုနေကြရပေမဲ့ ဘယ်မြင်းကမှ သူ့ကို မခင်ချင်ကြဘူးတဲ့ကွယ်။ ချစ်လဲမချစ်ကြဘူးတဲ့။ "ကိုမြင်းကြီး နေကောင်းလား။ သွားလိုက်အုံးမယ်



နော်"လို့ ဝတ်ကျေတမ်းကျေနှုတ်ဆက်ပြီး ထွက်သွားကြသတဲ့။ မြင်းကြီးကတော့ အခြားမြင်းတွေက သူ့ကိုကြောက်ကြတယ်လို့တွေးပြီး ကျေနပ်နေသတဲ့ကွယ်။

မြင်းကြီးက ပြိုင်ပွဲတိုင်းမှာ အနိုင်ရတဲ့အတွက် အခြားသူတွေကလဲ မြင်းကြီးကို သဘောကျနေတဲ့အတွက် ပိုပြီးမာနကြီးလာတယ်။ ဘဝင်လဲမြင့်လာတာပေါ့ကွယ်။ အခြားမြင်းတွေကို အထင်သေးပြီး အပေါင်းအသင်းမလုပ်တော့ဘူးတဲ့။ ဒါကြောင့် မြင်းကြီးဟာ တဖြည်းဖြည်းနဲ့ အဖော်မဲ့လာတယ်။ မိတ်ဆွေအပေါင်းအသင်းမရှိဘဲ တစ်ကောင်ထဲ ဖြစ်လာတာပေါ့ကွယ်။ တဖြည်းဖြည်း အသက်ကြီးလာတာကိုတောင် သူသတိမထားမိဘဲ ဖြစ်နေသတဲ့ကွယ်။ "ဟိုကောင်တွေ ငါ့ကို အခုထိကြောက်နေကြတာ မော်တောင်မကြည့်ရဲဘူး"လို့တွေးရင်း သူ့ကိုယ်သူ အထင်ကြီးနေတုန်းပဲကွယ်။

တစ်နေ့မှာ သူ့သခင်က မြင်းပြိုင်ပွဲတစ်ခုမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ပြိုင်ပွဲတိုင်းနိုင်ခဲ့တဲ့ မြင်းကြီးရှုံးသွားသတဲ့ကွယ်။ ရှုံးပွဲကြုံလာတဲ့ မြင်းကြီးကို သူ့သခင်က အခြားမြင်းတွေနဲ့ တန်းတူထားလိုက်တာပေါ့။ အရင်က ရခဲ့တဲ့အခွင့်အရေးတွေလဲ ဆုံးရှုံးသွားတာပေါ့ကွယ်။ မြင်းကြီးလဲ အရင်က ဝင့်ဝင့်ကြွားကြွားနေခဲ့ရတာတွေကို သတိရပြီး ခြံထောင့်မှာအိပ်နေသတဲ့ မြေးတို့ရေ။ ကျန်တဲ့မြင်းတွေကလဲ ဂရုမစိုက်ကြသလို စကားလဲမပြောဘူးကွဲ့။ ဒါကြောင့် မြင်းကြီးလဲ နောက်ဆုံးမှာ အထီးကျန်ပြီး မိတ်ဆွေမဲ့စွာနဲ့ နောင်တတွေရနေသတဲ့ကွယ်။

အချိန်ကြာလာတဲ့အခါ အခြားမြင်းတွေက သနားလာကြတာနဲ့ မြင်းကြီးကို စကားစတင်ပြောကြသတဲ့။ "မြင်းကြီး နေကောင်းရဲ့လား။ မြင်းကြီးကို ကြည့်ရတာ နေမကောင်းသလိုပဲ။ ကျုပ်တို့နဲ့အတူလာပြီး စကားပြောပါ။ ပျော်ပျော်နေပါ"လို့ အားပေးစကားပြောကြတာပေါ့ကွယ်။

မြင်းကြီးလဲ တစ်ချိန်က မာနကြီးပြီး အခြားမြင်းတွေအပေါ် အထင်သေးစွာဆက်ဆံခဲ့တာကို သတိရကာ ရှက်နေသတဲ့မြေးတို့ရယ်။ ဒါကြောင့် မြင်းကြီးဟာ အများနဲ့သင့်တင့်စွာပေါင်းပြီး မာန်မာနမထားတော့ဘဲ သူ့ရဲ့အပြစ်ကို ဝန်ချတောင်းပန်လိုက်တဲ့အခါ မြင်းတွေအားလုံးက ခွင့်လွှတ်ပေးလိုက်ကြသတဲ့ မြေးတို့ရေ။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ မြေးတို့လဲ မိတ်ဆွေ၊ သူငယ်ချင်းတွေအပေါ်မှာ မာနမထားရဘူးနော်။ မာနထားတဲ့သူဟာ မိတ်ဆွေသူငယ်ချင်းမရှိဘဲ တစ်ယောက်ထဲနေကြရတယ်ကွဲ့။ အခက်အခဲဖြစ်လာတဲ့အခါမှာလဲ ကူညီသူမရှိကြဘူး။ မာနထားခြင်းကြောင့် ဘဝပျက်စီးသလို သေတဲ့အခါမှာလဲ နာမည်ဆိုးကျန်တတ်တာကြောင့် မာနကင်းသူတစ်ယောက်ဖြစ်အောင် ကြိုးစားကြဖို့ ဘိုးဘိုးက ပြောလိုပါတယ် မြေးတို့ရေ။

"ဟုတ်ကဲ့ပါ ဘိုးဘိုးမြ။ သားတို့အားလုံး မာနမထားဘဲ တစ်ယောက်နဲ့တစ်ယောက်ချစ်ချစ်ခင်ခင် နေသွားကြပါမယ်"

မောင်ပြေသုစကားအဆုံးတွင် သူနှင့် သူ့သူငယ်ချင်းများက ဘိုးဘိုးမြနှင့်ဘွားဘွားကြင်ကို ကန်တော့လိုက်သောအခါ ဘိုးဘိုးမြက ဆုပေးစကား ပြောကြားလေတော့၏။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

## မြန်မာ့ခြင်းဝိုင်း

- တစ်ပတ်တစ်ပတ် လှည့်စေရာ
  စက်ဝိုင်းကြီးပမာ၊
  ကိုယ်လက်ကျန်းမာ ရှုမငြီး
  ခြင်းခတ်ကစားနည်း။
- မဟာဒူးကြီး မြှောက်ပင့်ပြီ
  ညွှတ်ဒူးဟန်ချက်ညီ၊
  ထည့်ဖနောင့်ဆီ ရောက်ကာသွား
  ရင်လိမ်ဖနောင့်ညား။
- ထည့်ဖဝါးကျ စနစ်မှန်
  စလွယ်ကြီးမကျန်၊
  ဝိုက်ကြီးကေန် နည်းလမ်းကျ
  မဟာကြီးကလှ။
- မဟာညွှတ်က သူတစ်မူ
  ရင်လိမ်ဖဝါးကူ၊
  အပေးအယူ ကြည်ဖြူဘိ
  စိတ်ထားမျှတ၏။ ။

**မောင်ချမ်းမြေ့(ပညာရေး)**



## ဇီးကွက်ရုပ်

- ပွဲဈေးတန်းက ဇီးကွက်ရုပ်
  ချပ်စက္ကူနဲ့လုပ်။
- အမြဲငုတ်တုတ် တည်ငြိမ်နေ
  ရွှေရောင်ဝင်းဝါပေ။
- မျက်လုံးလေးတွေ ဝိုင်းဝိုင်းစက်
  မြင်သူမှာစွဲမက်။
- ဖိုမတွဲလျက် ဝယ်ကြနော်
  အိမ်တိုင်းဆောင်ကာပျော်။
- လာဘ်ကောင်လို့ခေါ် ဇီးကွက်ေ
  ချစ်စရာ့ပေါ့လေး။ ။

**ခင်မေ:**



# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ရက်ထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက်''Intergovernmental Committee for the Safeguarding of the Intangible Cultural Heritag''အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် အဓိကပါဝင်ကူညီပံ့ပိုးပေးခဲ့သော ဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အားလည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်ဇေယျနှင့်သံရုံးဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်)၊ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းနှင့်လူနာတင်ယာဉ်ကူညီမှုအသင်း(ညောင်ဦးမြို့)၊ ပုဂံညောင်ဦးဧည့်လမ်းညွှန်များအသင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့်အသင်းအဖွဲ့များ၊ စစ်ကိုင်းမြို့နယ် ရှေ့နေများအဖွဲ့၊ နန်းဦးမြို့သစ်လူငယ်များဘုံဆွမ်းလောင်းအသင်း(စစ်ကိုင်းမြို့)၊ မွန်မြတ်သောစေတနာပရဟိတအသင်း(စစ်ကိုင်းမြို့)၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့(စစ်ကိုင်းမြို့)၊ စစ်ကိုင်းမြို့မဈေးမှ ဈေးသူဈေးသားများ၊ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ် စာရေးဆရာအသင်း၊ အောင်ဆန်းလူငယ်နာရေးကူညီမှုနှင့်ပရဟိတလူမှုအကျိုးပြုအဖွဲ့(နတ်မောက်မြို့)၊ မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးကော်မတီ၊ သာကီမဏ္ဍိုင်ရခိုင်ယဉ်ကျေးမှုအဖွဲ့(စစ်တွေမြို့)၊ စစ်တွေမြို့လုံးကျွတ်ရခိုင်ရိုးရာသင်္ကြန်ကျင်းပရေးကော်မတီတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့်သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြောပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့်ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် မြန်မာစာဌာန၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ရန် အချက်အလက်များရှာဖွေစုဆောင်းပြုစု၍ ယူနက်စကိုသို့ အဆိုပြုစာတွဲများအချိန်မီပေးပို့တင်သွင်းနိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့ကြသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှတာဝန်ရှိသူများအားလည်းကောင်း၊ အနုပညာဦးစီးဌာနမှတာဝန်ရှိသူများအားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှတာဝန်ရှိသူများအားလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုစတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှယနေ့ထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း၊ ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကိုလည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၀၂၀ စိုက်ပျိုးပြီးစီး



ကသာ ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက၂၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗန်းမောက်မြို့နယ်တွင် နှမ်းဧက ၂၀၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ နှမ်းဧက၂၀၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် ဗန်းမောက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ ပြည်ပဈေးကွက်များကို တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

(၂၀၆)










# အဂတိပယ်ခွာ ပြည်သာယာ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

# အမည်မှန်

မိုးကောင်းမြို့နယ်၊ ဆားမော်ဘက မူလွန်ကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝေယံမိုးမြင့်၏သမီး မသုထက်စံ၏ အမည်မှန်မှာ မသုထက်အောင် ဖြစ်ပါကြောင်း။
မသုထက်အောင်






❖ **လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်




**နေပြည်တော် ဒီဇင်ဘာ ၇**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

➤ ➤ ➤

## ထူးခြားသည့် ညအပူချိန်များ (၇-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | -၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

**အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်** စာမျက်နှာ- ၂၁

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းဖမ်းဆီးရမိ** စာမျက်နှာ- ၂၂



## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၇ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၃၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**